ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ စနေနေ့၊ (12-1-2008) (၅၅၆၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်း ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါ်လုလီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါ်လုလီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါ်လုလီ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အိန္ဒိယသမ္မတနိုင်ငံ တပ်မတော်၏ဖိတ်ကြားချက်အရ မြန်မာ့တပ်မတော် နှင့် အိန္ဒိယတပ်မတော်တို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်ကြမည့် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် မြန်မာ့တပ်မတော်ဘော်လီဘောအသင်း တို့အားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး ပို့ဆောင်နှုတ်ဆက်သည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် မြန်မာ့တပ်မတော်ဘော်လီဘောအသင်းတို့အား အမှာစကားပြောကြားရာတွင် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ မြန်မာ့တပ်မတော် အားကစားအဖွဲ့များနှင့် အိန္ဒိယနိုင်ငံမှ တပ်မတော်အားကစားအဖွဲ့များ အပြန်အလှန်သွားရောက်ခဲ့ကြသည်မှာ အကြိမ်ကြိမ်ရှိပြီ ဖြစ်ကြောင်း၊ ယခုသွားရောက်ယှဉ်ပြိုင်မှုသည်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၂–၁–၂၀၀၈
(စနေနေ့)

ရေထွက်ပစ္စည်းများ အဆင့်မြင့်ထုတ်လုပ် ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့ရေး ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတွင် ရေချို၊ ရေငန် ငါး၊ ပုစွန် သယံဇာတများ ကြွယ်ဝသည်။ မြစ်ချောင်းများ၊ ကျယ်ပြန့်သည့် မြစ်လက်တက် ရေပြင်ဧရိယာများတွင် ရေချိုငါး၊ ပုစွန်များ မွေးမြူထုတ်လုပ်နိုင်သည့်အပြင် မြန်မာ့ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းကွက်များ၌လည်း ရေငန်ငါး၊ ပုစွန်များ ဖမ်းယူရရှိနိုင်သည့် အခြေအနေကောင်းများဖြင့် ပြည့်စုံနေသည်။

ယင်းအခြေအနေကောင်းများနှင့်အတူ ပြည်တွင်း၌ ငါးစားသုံးမှု ဖူလုံစေရေး၊ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ရေလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီငါးလုပ်ငန်းလုပ်ကိုင်နေသူများနှင့် ရေလုပ်ငန်းရှင်များပါဝင်သည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ရေလုပ်ငန်းဆိုင်ရာ မွေးမြူထုတ်လုပ် တင်ပို့ရောင်းချမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့် စသည့် ရေထွက်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့မှ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ မြိတ်မြို့ဆိပ်ကမ်းမှ ကွန်တိန်နာတင်သင်္ဘောများဖြင့် တင်ပို့သကဲ့သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အအေးခန်းများမှတစ်ဆင့်လည်း တင်ပို့လျက်ရှိသည်။

ယခင်က ငါး၊ ပုစွန်များကို တစ်ဖက်နိုင်ငံဘက်ရှိ အအေးခန်းများသို့ သွားရောက်ပို့ဆောင် ရောင်းချခဲ့ရသဖြင့် ပို့ဆောင်ရမှု အခက်အခဲနှင့် အကျိုးအမြတ်နည်းမှုများ တွေ့ကြုံခဲ့ရသည်။ ယခုအခါ မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် အအေးခန်းများတည်ဆောက်ပြီး သိုလှောင်ရောင်းချနိုင်သဖြင့် ငါး၊ ပုစွန်လုပ်ငန်းရှင်များ ဈေးကွက်၌ စိတ်ကြိုက်ရောင်းဝယ်နိုင်လျက်ရှိသည်။

မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်သို့ ရခိုင်ကမ်းရိုးတန်းမှ ကဏန်းများ၊ ငါးရှဉ့်များ၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ငါး၊ ပုစွန်များ တစ်နှစ်ပတ်လုံး တင်ပို့ရောင်းချလျက်ရှိသည်။ မြန်မာ–တရုတ်နယ်စပ်သို့ ငါးသင်ဝါ၊ ငါးသဲထိုး၊ ငါးမုတ်ဖြူ၊ ငါးခေါင်းပွ၊ ငါးပုတ်သင်စသည့် ငါးများအပါအဝင် ငါးအမျိုးအစား ၅၀ ခန့် နေ့စဉ်တင်ပို့နေကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အဆင့်မြင့်ထုတ်လုပ်ခြင်း၊ ရေချို၊ ရေငန်ငါး၊ ပုစွန်များ တိုးချဲ့မွေးမြူခြင်း၊ နယ်စပ်ကုန်သွယ်ရေးဇုန်များတွင် အအေးခန်းများတိုးချဲ့တည်ဆောက် သိုလှောင်ရောင်းချခြင်းတို့ဖြင့် ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့သွားနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ကေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် ဦးစိန်ဘိန်းအား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း ယုဇနလမ်းနေ ဇနီးဒေါ်ရွှေအိမ်း(ခ) ဒေါ်ခင်မြင့်၏ မွေးနေ့အထိမ်းအမှတ်ဖြစ် သမီးများ ဖြစ်သော မလှလှမြင့်၊ မအေးအေးမြင့်နှင့် သား၊သမီး၊ မြေး၊ မြစ်တစ်စုက အမေရိကန်ဒေါ်လာ ၃၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ဒေါက်တာအရှင် သုဝဏ္ဏလင်္ကာရ(ဘုံဘော) ထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ ဇန်နဝါရီ ၆ ရက်တွင် မကွေးတိုင်း သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ချောင်းကောက်၊ ကိုးပင်ကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စည်းရုံးရေးမှူးများနှင့်တွေ့ဆုံ၍ တွဲဖက်အထွေထွေအတွင်းရေးမှူးက အသင်းဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရပ်ရွာအေးချမ်းရေးနှင့် ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူမှုစီးပွားတိုးတက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန်မှာကြားပြီး ကျေးရွာအတွက် ပညာရေးနှင့် ကျန်းမာရေးရန်ပုံငွေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ တွဲဖက်အထွေထွေအတွင်းရေးမှူးသည် မွန်းလွဲပိုင်းတွင် သရက်မြို့နယ် ကမ်းနီကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စည်းရုံးရေးမှူးများ၊ ကျေးရွာပြည်သူများအား တွေ့ဆုံမှာကြားပြီး ဆောက်လုပ်ဆဲ မူလတန်းကျောင်းအတွက် သွပ်အချပ် ၂၀၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကမ်းနီကျေးရွာ ပြည်သူ ၅၀၀ ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများကို ကိုယ်စားလှယ်တစ်ဦးက ပေးအပ်ရာ သရက်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဆလိုင်းဆန်းက လက်ခံသည်။

ညပိုင်းတွင် တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် သရက်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့မိမြို့ဖများ၊ အသင်းဝင်များ၊ စည်းရုံးရေးမှူးများ၊ အမှုဆောင်များအား တွေ့ဆုံပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဒေသခံများနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာတွင် ချောင်းကောက်နှင့် ကိုးပင်ကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စည်းရုံးရေးမှူးများအား အမှာစကားပြောကြားစဉ်။
(အမှတ်–၁၊ လျှပ်စစ်)

ရေမျှောပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်ရတနာလမ်း အောင်မိသားစု ဆွမ်းလောင်းအသင်းမှ ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ်ကြီး ရေမျှောပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် မှ ၂၇ ရက်ထိ ကျင်းပမည်ဖြစ်ရာ ဖူးမြော်ကြည်ညိုသဒ္ဓါပွားများလိုသူမွေမိတ်ဆွေသူတော်စင်အပေါင်းတို့ကို ဖိတ်ကြားထားပြီးပါဝင်လှူဒါန်းလိုသူများ ဦးသိန်းမြင့် ဖုန်း–၅၇၈၅၁၄၊ ဦးမျိုးကြင် ဖုန်း– ၅၇၀၅၄၉၊ ဦးရွှေ ဖုန်း–၀၉–၅၀–၁၃၆၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ရေမျှောပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့မှနှိုးဆော်ထားသည်။
(က–ပ)

သုဝဏ္ဏမြို့ တိုက် (၁)၊ အခန်း (၁)သုဝဏ္ဏအိုးအိမ်ရုံးဝင်းနေ ကျေးဇူးရှင်မိဘများ ဦးအောင်ထွန်း၊ ဦးဘသာ၊ ဒေါ်မြသန်းကြည်တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်လုံးမေအား အမှူးထားလျက် ဦးလှမျိုးအောင်–ဒေါ်ခင်ခင်သာ၊ သမီး ဖြိုးအိဇင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ထာဝရနဝကမ္မဘက်စုံ ငွေပဒေသာပင် ကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး ဒုတိယဥက္ကဋ္ဌ ဦးညွန့် လက်ခံယူစဉ်။
(က–ပ)

ရွှေပါရမီ ပရိယတ္တိသာသနာလင်္ကာရ စာမေးပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရွှေပါရမီတောရ ဆရာတော်အရှင်ဆန္ဒာဓိက ဦးဆောင်သော ရွှေပါရမီဓမ္မစာပေ ပြန့်ပွားရေးအဖွဲ့က ကြီးမှူးကျင်းပမည့် ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကို သထုံမြို့၌(၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်) ဇန်နဝါရီ ၂၄ရက်မှစတင်၍(၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်) ဇန်နဝါရီ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ စာအောင်ဆုနှင်းသဘင်ကို (၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်) ဇန်နဝါရီ ၂၈ရက်တွင် ကျင်းပသွားမည်။ စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်ထားသော ရဟန်း၊ သာမဏေ၊ သီလရှင်များ(၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်) ဇန်နဝါရီ၂၃ရက် နံနက်၉ နာရီမှစ၍ ဖြေဆိုခွင့်ကတ်ပြားများကို စာမေးပွဲကျင်းပရာသုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်း ဓမ္မာရုံ၌ ထုတ်ယူနိုင်ကြောင်းနှင့် စာမေးပွဲဖြေဆိုမည့် ပုဂ္ဂိုလ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းသွားမည်ဖြစ်သည်။
(က–ပ)

ဇန်နဝါရီ၃ရက်က ၂၀၀၇–၂၀၀၈ ခုနှစ် အမက(၂၆) တာမွေ ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားတွင် မြို့နယ်အဆင့် ဘာသာရပ်ထူးချွန်ဆုနှင့် ကျောင်းတွင်းဘာသာစုံဂုဏ်ထူးဆုရရှိသည့် စတုတ္ထတန်းမှ မောင်ငြိမ်းချမ်းမိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် ဆုချီးမြှင့်စဉ်။ (ပညာရေး)

✪ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။ (သတင်းစဉ်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်ကမ္ဘာအေးကုန်းမြေ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အသစ်များကို ၁၃၆၉ခုနှစ် ပြာသိုလပြည့်နေ့ ဇန်နဝါရီ ၂၂ ရက် (အင်္ဂါနေ့)နံနက် ၉နာရီ မင်္ဂလာအချိန်တွင် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထီးတော်တင်လှူပွဲအကြို ဇန်နဝါရီ ၁ရက်မှ ၇ရက်အထိ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပခဲ့ပြီး ကြည့်ချင်ပွဲများအဖြစ် ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်ညတွင် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ဇန်နဝါရီ ၂၂ ရက် နံနက် ၇ နာရီတွင် အခမ်းအနားကို စတင်ဖွင့်လှစ်၍ ရွှေထီးတော်သစ်ကြီးအား တင်လှူမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ကြွရောက်ကြည်ညို ဖူးမြော်နိုင်ကြကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ရခိုင်သဟာယအသင်း(ရန်ကုန်)ပညာသင်ဆုချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

တက္ကသိုလ်၊ ကောလိပ် အသီးသီးတွင် တက်ရောက်နေကြသော ရခိုင်ကျောင်းသား၊ ကျောင်းသူများအတွက် ရခိုင်သဟာယအသင်း(ရန်ကုန်)က ၁၉၈၁ ခုနှစ်မှ စတင်ကာ ပညာသင်ဆုချီးမြှင့်လျက်ရှိရာ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် အမှန်တကယ် အထောက်အပံ့လိုအပ်နေသူများသည် ဦးကျော်ဖံလှ ဖုန်း–၅၅၆၂၂၁၊ ဦးခင်မောင်စိုး ဖုန်း–၅၅၂၁၂၆၊ ဦးရွှေသိန်းကျော် ဖုန်း–၀၉၅၀၀ ၂၇၉၅၊ ဦးကျော်ရင် ဖုန်း–၀၉၅၁၂၆၄၈၉၊ ဦးထွန်းနိုင် ဖုန်း–၀၉၅၀၁၃၈၈၇၊ဦးဦးထွန်းသိန်း ဖုန်း–၀၉၅၁၈၁၈၈၉တို့သို့ ဖေဖော်ဝါရီ ၁၅ရက်နောက်ဆုံးထား ဆက်သွယ်လျှောက်ထားနိုင်သည်။ လှူဒါန်းလိုသော စေတနာရှင်များနှင့် ဆုရကျောင်းသား၊ ကျောင်းသူဟောင်းများသည် အထက်ပါ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သီလရှိသော ပညာရှိစိတ်ထား

✧ ပညာရှိတို့မည်သည် မကောင်းမှုကို မပြု။
✧ မကောင်းသောစိတ်ဖြင့် သူတစ်ပါးပစ္စည်းဥစ္စာကို အလိုမရှိရာ။
✧ မတရားသဖြင့် မိမိ၏ စည်းစိမ်ချမ်းသာပြည့်စုံခြင်းကို အလိုမရှိရာ။
✧ သီလနှင့်ပညာရှိသောသူသည် တရားသောအမှုကိုသာ ပြုတတ်၍ သူတော်ကောင်းမည်၏။

(ဓမ္မပဒ ၈၄)

တစ်နေ့ ဆန်အိတ်ငါးသောင်းဝန်းကျင် ရေဝတီတိုင်းမှဝင် ပြည်တွင်းစားသုံးမှုဖူလုံ၍ ဈေးနှုန်းတည်ငြိမ်

သတင်းနှင့်ဓာတ်ပုံ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဇန်နဝါရီ ၁၁

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မှုတို့ကြောင့် အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် စသော ကုန်ပစ္စည်းများ၏ ဈေးနှုန်းသည် တည်ငြိမ်လျက်ရှိနေသည်ကို တွေ့ရသည်။

ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက လမ်းမတော်မြို့နယ်ရှိ ဆိပ်ကမ်းများ၊ ညောင်ပင်လေးဈေးပလာဇာနှင့် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးရုံတန်းများသို့ သွားရောက်၍ ဆန်အဝင်နှင့်ပတ်သက်၍ လေ့လာရာ ရေဝတီတိုင်း မြောင်းမြ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးနှင့် အခြားမြို့နယ်တို့မှ ရေလမ်းခရီးဖြင့် ဆန်များ တဖွဲဖွဲ ဝင်ရောက်နေသည်ကို တွေ့ရသည်။ ထို့အပြင် ဘုရင့်နောင်၊ အင်းစိန်၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင် ကုန်စည်ဒိုင်များသို့လည်း ဆန်အိတ်များ ဝင်နေကြောင်းသိရှိရသည်။ ၎င်းမှတစ်ဆင့် ရန်ကုန်တိုင်းအတွင်း မြို့နယ်အသီးသီးသို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ရန်ကုန်ဈေးကွက်သို့ ရောက်ရှိလာသော ဆန်အိတ်များကို သယ်ချနေစဉ်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်၏ ဆန်အဝင်စာရင်းအရ ၂၀၀၇ခုနှစ် ဒီဇင်ဘာတစ်လအတွင်း ပေါ်ဆန်း၊ ပေါ်ကျွဲ၊ ဧည့်မထ၊ ငစိန် ဆန်အိတ်ပေါင်း တစ်သန်းငါးသိန်း သုံးသောင်းလေးထောင်ကျော်ဝင်လျက်ရှိပြီး တစ်ရက်ပျမ်းမျှဆန်အိတ်ပေါင်း လေးသောင်းကျော် ငါးသောင်းဝန်းကျင်ဝင်ကြောင်းသိရှိရသည်။ ထို့အပြင် ဒေသဝမ်းစာဖူလုံရေးစီမံချက်နှင့် စီမံကိန်းများလည်း အောင်မြင်နေခြင်းကြောင့် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံနေပြီး ဈေးနှုန်းအားဖြင့်လည်း ပြည်နယ်နှင့်တိုင်းအလိုက် တည်ငြိမ်မှုရှိနေကြောင်းကို ကွင်းဆင်းလေ့လာမှုအရ သိရှိရသည်။ (ကြေးမုံ)

ကသစ်ဝိုင်း ၁၀ရက်ဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတိဿနှင့် တပည့်များက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်၌ မူလကသစ်ဝိုင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကိုယ်တွေ့ဉာဏ်မြင်ဝိပဿနာတရားများကို ၁၃၆၉ခုနှစ်ပြာသိုလပြည့်ကျော် ၅ရက်မှ ပြာသိုလပြည့်ကျော် ၁၅ရက်(ဇန်နဝါရီ ၂၇ရက်မှ ဖေဖော်ဝါရီ ၆ရက်)အထိ ဟောကြား ပြသမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၁–၂၀၀၈ (စနေနေ့)

AM & PM	
၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"မမေ့အပ်တဲ့လေးဌာန"တရားတော်(အပိုင်း–၁) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၈း၀၅–၂း၀၅	ပူဇော်ထိုက်ကပူဇော်ရ
၈း၂၀–၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀–၂း၅၀	မြန်ပြည်တွင်ဆီရေချိုးလို့သည် ဆွေမျိုးတို့ချမ်းမြစေဖို့
၉း၁၀–၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀–၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅–၃း၂၅	မသန်စွမ်းသူများအတွက်ရန်ပုံငွေရှာပေးကြမည့်ရုပ်ရှင်အနုပညာရှင်များ
၉း၄၀–၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅–၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀–၃း၅၀	သွင်းကုန်အစားထိုးလျှပ်စစ်ဓာတ်အိုး
၁၀း၀၅–၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀–၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅–၄း၁၅	Yangon Panorama (Bagan Artshow)
၁၀း၄၀–၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀–၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅–၄း၅၅	**"အသက်ကလေးရယ်တဲ့ရှည်စေလို" (ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ–ကြည်စိုး)**
၁၁း၁၀–၅း၁၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၂၀–၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅–၅း၂၅	ပြည်သူ့အတွက် EMS
၁၁း၄၅–၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀–၅း၅၀	အဆာပြေစားကြမယ် သရေစာမုန့်များကွယ်(ဖက်ထုပ်ကြော်)
၁၂း၀၅–၆း၀၅	မျိုးဆက်ပွားကျန်းမာရေးနှင့်အနာဂတ်ကမ္ဘာ (ပထမပိုင်း) (ဒေါက်တာခင်မောင်လွင်)
၁၂း၂၅–၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀–၆း၃၀	လုပချစ်စရာအိမ်တွင်းမှုပညာ(Tissue အိတ်ပြုလုပ်နည်း)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Chelsea-Tottenham	ESPN(Live)
	Middlebrough-Liverpool	Star Sports (Live)
၁၁း၄၀	Man Utd-Newcastle	Star Sports (Live)
၁၂း၀၀	Arsenal-Birmingham	ESPN(SDD)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Catania-Juventus	5-Cartoons(Live)

ပြည်ထောင်စုကျောင်း (၈)မိုင် မရမ်းကုန်း(ရန်ကုန်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

(ယခင်)ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၀၆)လမ်း အမှတ်(၂၄–ဒီ) ဆရာကြီး ဦးတိုးအောင်၏ နေအိမ်၌ ကျင်းပရန် စီစဉ်ထားသည်။ သို့ဖြစ်ရာ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း)ဖုန်း–၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိမ်း(ငြိမ်း)ဖုန်း–၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း–၆၆၂၉၆၇၊ ဦးအေးဖေ ဖုန်း–၃၇၉၆၄၇၊ ဦးထွန်းမြင့် ဖုန်း–၀၅၆–၂၁၄၇၃၊ ဦးဘညွန့်ဦး ဖုန်း–၆၈၄၇၆၁၊ ဦးဝင်းကြည် ဖုန်း–၅၇၃၁၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းရင်းဆေးပညာဦးစီးဌာန သန်လျင်မြို့နယ် တိုင်းရင်းဆေးကုဌာနသို့ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ ၃ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ အလှူရှင်များ၏ လှူဒါန်းငွေများကို မြို့နယ်တိုင်းရင်းဆေးကုဌာန ဆေးခန်းမှူး ဒေါ်ရီရီချို လက်ခံယူစဉ်။ (၅၂၇)

အမှိုက်ရှင်းတာ ရှက်စရာမဟုတ်ပါ

ဦးကျော်စိန်(မန္တလေး)

လူတို့စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်တို့မှာ လူတို့၏စိတ်ကို အနှောင့်အယှက်ဖြစ်စေသကဲ့သို့ ကျန်းမာရေးကိုလည်း ထိခိုက်နိုင်ပါသည်။ ပြန့်ကျဲနေသော အမှိုက်များသည် မြင်တွေ့ရသူတို့အဖို့ မသတီစရာဖြစ်ပြီး ပတ်ဝန်းကျင်ကိုလည်း ညစ်ညမ်းစေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ စည်းမဲ့ကမ်းမဲ့ အမှိုက်ပစ်ကြသူများသည် မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ပေးထားသောနေရာတို့တွင် အမှိုက်များကို စနစ်တကျ မစွန့်ပစ်ကြဘဲ လမ်းဆုံလမ်းခွ၊ ဈေးအတွင်း၊ လူစည်ကားရာနေရာ၊ ကားမှတ်တိုင်အနီး စသည်တို့၌ ကြုံသလို စွန့်ပစ်ကြသော သူများကြောင့်ဖြစ်ပါသည်။ အချို့အမှိုက်ပုံတို့မှာ တိရစ္ဆာန်၊ လူတို့၏ မွှေနှောက်ထားမှုကြောင့် ပွစာကျဲပြီး အလွန်မသတီစရာ တွေ့မြင်ရပါသည်။ ဆိုးရွားသော အနံ့အသက်များကိုလည်း ရှူရှိုက်ရသည်။ အမှိုက်သည် လူတို့၏ ကိုယ်စိတ်နှစ်ဖြာ ကြည်လင်မှုကို မဖြစ်စေဘဲ ညစ်ညမ်းမှုကိုသာ ဖြစ်စေပါသည်။

ရပ်ရွာ၌ လူရှုပ်လူပွေများကို အမှိုက်ဟု တင်စား၍ ခေါ်ကြသည်။ လောကတွင် သဘာဝအမှိုက်၊ လူအမှိုက်၊ မကောင်းသောစိတ်ယုတ်စိတ်ပုပ်ဟူသော စိတ်အမှိုက်တို့သည် လူကောင်းတို့အတွက် အနှောင့်အယှက်ပင်ဖြစ်သည်။ လူအမှိုက်၊ စိတ်အမှိုက်တို့ကို ပြုပြင်လျှင် အကောင်းဖြစ်လာနိုင်ပါသည်။ သဘာဝ အမှိုက်တို့ကိုလည်း စနစ်တကျ စွန့်ပစ်လျှင် အကျိုးရှိမည်ဖြစ်ပါသည်။ အချို့ ရွှေပန်းထိမ်လုပ်ငန်းခွင်တို့၌ အမှိုက်များကို စနစ်တကျ သိမ်းယူပြီး ထိုအမှိုက်များကို မီးသင်းကာ ရွှေကျင်ကြသည်။ ထိုမှ ရွှေရလာသည်။ ဤသို့ အမှိုက်များကို စနစ်တကျ စွန့်ပစ်သိမ်းဆည်းမှုကြောင့် ထိုအမှိုက်များမှ အကျိုးဖြစ်ထွန်းလာရသည်ကို အကြောင်းပြု၍ **“အမှိုက်ကရွှေဖြစ်သည်”** ဟူ၍ပင် အဆိုရှိခဲ့သည်။ အချို့စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်များမှစပြီး မီးလောင်ကျွမ်းရာ ကျောင်းပြာသာဒ်အထိ မီးစွဲလောင်ရသည်။ ထိုမှတစ်ဆင့် အခြားအဆောက်အအုံ များစွာတို့ကိုလည်း ကူးစက်မီးလောင်ခံကြရသည်။ ထို့ကြောင့်ပင် **“အမှိုက်ကစပြာသာဒ်မီးလောင်”** ဟု အဆိုရှိလာရသည်။ ဤသည်တို့မှာ အမှိုက်ပြဿနာပင် ဖြစ်သည်။

ကမ္ဘာပေါ်တွင်လည်း အချို့သော စက်မှုနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံတို့မှ စွန့်ပစ်လိုက်သော အမှိုက်များ(ဓာတုပစ္စည်းများ)သည် လူတို့ကို အန္တရာယ်ဖြစ်စေ၍ ထိုအမှိုက်များကို စွန့်ပစ်ရာ၌ပင် ပြဿနာရှိလာ၏။ ဓာတုပစ္စည်းအမှိုက်များကို ပင်လယ်၊ သမုဒ္ဒရာတို့၌စွန့်ပစ်လျှင် ရေထဲရှိ သတ္တဝါတို့အတွက် အန္တရာယ်ဖြစ်စေသည်။ ကုန်းမြေတွင် စွန့်ပစ်လျှင်လည်း လူသားတို့ကို အဆိပ်နံ့သင့်စေ၍ အန္တရာယ်ဖြစ်စေပါသည်။ သို့ဖြစ်ရာ အန္တရာယ်ကင်းစေရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ ညွှန်ကြားမှုတို့ကို လိုက်နာ၍ ဓာတုပစ္စည်းအမှိုက်များကို စနစ်တကျ စွန့်ပစ်ရပါသည်။

အထူးအားဖြင့် မိမိတို့၏ အိမ်၊ ခြံ၊ ကျောင်း၊ ရုံး၊ လမ်းစသည်တို့၏ အတွင်း၊ အပြင်၌ အမှိုက်များရှင်းလင်းနေရန် လိုပေသည်။ အမှိုက်များရှင်းလင်းနေလျှင် အားလုံးစိတ်ကြည်လင် ချမ်းမြေ့ကြရပေမည်။ ထို့ကြောင့် အမှိုက်များကို စည်းမဲ့ကမ်းမဲ့ မစွန့်ပစ်ကြဘဲ မြို့တော်စည်ပင်သာယာရေးကော်မတီက အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာတို့၌သာ စနစ်တကျ စွန့်ပစ်ရန် လိုအပ်ပါသည်။ သို့ရာတွင် အမှိုက်ကို စနစ်တကျ စွန့်ပစ်သူက ရှားပါသည်။ အမှုမဲ့အမှတ်မဲ့ ကြုံသလို စွန့်ပစ်သူကများကြောင်း တွေ့ရပေသည်။

အမှိုက်များကို စည်းကမ်းရှိစွာ စနစ်တကျစွန့်ပစ်ပါလျှင် အမှိုက်သိမ်းသူတို့မှာ လွယ်ကူစွာ သိမ်းနိုင်ပါသည်။ ထို့အတူ အမှိုက်ကောက်သူ၊ အမှိုက်ရှင်းသူ (တံမြက်စည်း လှည်းသူ) တို့ အဖို့လည်း စနစ်တကျ ကောက်ယူနိုင်၊ ရှင်းနိုင်ပေသည်။ အမှိုက်များကို စည်းကမ်းရှိစွာ စွန့်ပစ်၊ စနစ်တကျကောက်၊ စနစ်တကျသိမ်းလျှင် အားလုံးအတွက် အကျိုးရှိပါသည်။ အမှိုက်များကို မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ပေးသည့်နေရာများ၌သာ စည်းကမ်းရှိစွာ စွန့်ပစ်ခြင်းဖြင့် အမှိုက်ရှင်းလင်းသူတို့အတွက် အချိန်ကုန်ပင်ပန်းခြင်းမရှိဘဲ လုပ်ရကိုင်ရလွယ်ကူကာ အချိန်တိုအတွင်း မြန်ဆန်သက်သာပြီး လုပ်ငန်းလည်း တွင်ကျယ်မည်ဖြစ်ပါသည်။

ယနေ့ခေတ်သည် အရာရာတွင် ပလတ်စတစ်ကို အသုံးပြုလေ့ရှိကြသည်။ သို့သော် မိမိတို့ သုံးစွဲပြီးသော ပလတ်စတစ်တို့ကို စနစ်တကျ သိမ်းခြင်း၊ စွန့်ပစ်ခြင်းတို့ကိုကား မပြုကြပေ။ ထို့ကြောင့် ပလတ်စတစ်များနှင့် ရောနှောငြိတွယ်နေသော အမှိုက်များမှာ အလွန် အရုပ်ဆိုးပေသည်။ အချို့ရေနုတ်မြောင်းများတွင် ပလတ်စတစ်အိတ်ခွံ၊ ဘူးခွံများ ပိတ်ဆို့နေမှုကြောင့် ရေစီးရေလာမကောင်းဘဲ ဖြစ်နေကြသည်။ ပလတ်စတစ်အမှိုက်များမှာ တော်ရုံတန်ရုံနှင့် မဆွေးမြေ့နိုင်ဘဲ သန့်ရှင်းမှုကို အနှောင့်အယှက် ပေးနိုင်ဆုံးသော အမှိုက်များပင်ဖြစ်သည်။ မသတီဖွယ်ရာ အမှိုက်များတွင် ကွမ်းတံတွေးလည်း ပါဝင်သည်။

အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ခြင်း၊ စနစ်တကျအမှိုက်သိမ်းခြင်း၊ အမှိုက်များကို ဖယ်ရှားရှင်းလင်းခြင်းသည် လူတို့နှင့်သက်ဆိုင်သော တာဝန်တစ်ခု ဖြစ်ပါသည်။ မိမိနှင့် ဆက်စပ်ပတ်သက်နေသောနေရာတိုင်းကို သန့်ရှင်းအောင်ပြုလုပ်ရန်မှာ မိမိတို့တာဝန်ပင် ဖြစ်သည်။ မိမိတို့တာဝန်ကို မိမိတို့ ပြုလုပ်ခြင်းသည် ပြုသင့်ပြုထိုက်သော၊ လုပ်သင့်လုပ်ထိုက်သော တာဝန်ကို ထမ်းဆောင်ခြင်းပင် ဖြစ်၏။ မလုပ်သင့်မလုပ်ထိုက်သည်ကို ပြုလုပ်ခြင်းကြောင့် အပြစ်ရရှိသကဲ့သို့ ပြုလုပ်သင့်ပြုလုပ်ထိုက်သည်ကို မပြုလုပ်လျှင်လည်း အပြစ်ရရှိထိုက်ပါသည်။ အမှိုက်များကိုရှင်းခြင်း (တံမြက်လှည်းခြင်း)ဟူသည် ပြုလုပ်သင့် ပြုလုပ်ထိုက်သည်ကို ပြုလုပ်ခြင်းကြောင့် အကျိုးရရှိလာသော သာဓကကို ဖော်ပြလိုပါသည်။

ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်တွင်းအခါက ဂင်္ဂါမြစ်ကမ်းတွင် ရဟန်းများစွာ သီတင်းသုံးသော ကျောင်းကြီးတစ်ကျောင်းရှိသည်။ ထိုကျောင်းတွင် ကျင့်ဝတ်ပဋိပတ်နှင့်ပြည့်စုံသော ရဟန်းများနေ၏။ ရဟန်းတို့သည် နံနက်စောစောအခါ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးများကို အောက်မေ့ဆင်ခြင်လျက် ကျောင်းတလင်းတွင် တံမြက်လှည်းကြ၏။ တစ်နေ့တွင် ရဟန်းတစ်ပါးသည် တံမြက်လှည်းရင်း သာမဏေတစ်ပါးကို ခေါ်၍ စုပုံထားသောအမှိုက်များကို စွန့်ပစ်ရန် တိုက်တွန်း၏။ သာမဏေသည် ကြားသော်လည်း မကြားယောင်ဆောင်နေ၏။ နှစ်ကြိမ်၊ သုံးကြိမ်ခေါ်သော်လည်း မလာသဖြင့် ရဟန်းသည် တံမြက်စည်းဖြင့် ပုတ်ခတ်ဆုံးမ၏။ ကိုရင်လည်း ငိုယိုပြီး အမှိုက်များကို ဂင်္ဂါမြစ်ကမ်း၌ သွားကာ စွန့်ပစ်လိုက်သည်။ ကိုရင်က အမှိုက်စွန့်ပစ်ရင်း–

“ဤကောင်းမှုကြောင့် ယခုထွက်သစ်စ နေမင်းကြီးကဲ့သို့ ဉာဏ်ပညာ အရှိန်အဝါ ကြီးရပါလို၏။ ဂင်္ဂါမြစ်ထဲက ရေလှိုင်းတံပိုးလို တစ်ဖက်သားအား အမေးပုစ္ဆာပြဿနာတို့ဖြင့် တုန်လှုပ် ချောက်ချားအောင် မေးမြန်းနိုင်ရလိုပါ၏” ဟု ဆုတောင်းလေသည်။

ဤသို့ သာမဏေ၏ ဆုတောင်းသံကို ရဟန်းသည် ရေချိုးဆင်းရင်း ကောင်းစွာကြားရ၏။ မိမိက ရိုက်ပုတ်ဆုံးမသောကြောင့် အမှိုက်စွန့်ပစ်ရသောကုသိုလ်ကိုရသည့် သာမဏေက ဤသို့ ဆုတောင်းဘိတကားဟု စိတ်တွင်းမှ ဆင်ခြင်ကာ သာမဏေကို ရည်ညွှန်းလျက်–

“ကျောင်းတလင်းတွင် တံမြက်လှည်းရသော ကောင်းမှုကြောင့် တလိပ်လိပ်တက်ကြွလာသော လှိုင်းတံပိုးတို့သည် မြစ်ကမ်းတွင် ပျောက်လွင့်ကုန်သကဲ့သို့ သူ၏ကြီးမားသော ပညာလှိုင်းတံပိုးတို့သည် ငါ၏ ထံပါးတွင် ပျောက်လွင့်ကုန်စေသတည်း”ဟု ဆုတောင်းလိုက်လေသည်။

သာမဏေနှင့် ရဟန်းတို့သည် ဤသို့လျှင် အသီးသီး ဆုတောင်းကြပြီးနောက် ဘဝအတိုင်းနေကြကာ သံသရာတွင် ကျင်လည်နေကြ၏။ သို့ဖြင့် ဂေါတမမြတ်စွာဘုရား သာသနာနှစ် ငါးရာကျော်ခန့်၌ အမှိုက်ကျုံးခဲ့သူ သာမဏေယ်က မိလိန္ဒမင်းကြီးဖြစ်လာပြီး တံမြက်လှည်း အမှိုက်ရှင်းခဲ့သူ ရဟန်းတော်က ရှင်နာဂသိန် ဖြစ်လာခဲ့ပါသည်။ ဆုတောင်းတိုင်းပြည့်၍ မိလိန္ဒမင်းကြီး ကတ်ကတ်သတ်သတ် မေးသမျှပုစ္ဆာတို့ကို အရှင်နာဂသိန်မထေရ်က ရဲရဲတောက် ဖြေကြားနိုင်ခဲ့လေသည်။ ထိုပုစ္ဆာအဖြေများကိုသင်္ဂါယနာတင်ထား၍ “မိလိန္ဒပဉှာပါဠိတော်” ဟူ၍ပင် အထင်အရှားရှိပါသည်။ ဤသို့ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန်တို့ ပညာဉာဏ်ကြီးမြင့်ရခြင်းမှာ အမှိုက်ရှင်းခြင်းကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော ပညာဉာဏ်တို့ပင် ဖြစ်ပါသည်။

ထို့အပြင် အမှိုက်ရှင်းခြင်း (တံမြက်လှည်းခြင်း)၊ အမှိုက်ကောက်ခြင်းတို့ဖြင့် အများစိတ်နှလုံး ကြည်လင်ကြပါစေ၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကင်းရှင်းပါစေ၊ သန့်ရှင်းသောလေကို ရှူရှိုက်နိုင်ကြပါစေဟူသော စိတ်စေတနာကောင်းဖြင့် သန့်ရှင်းမှုပြုလုပ်ရန်သာ သတိပြုလုပ်ဆောင်ရန်လိုပါသည်။ သာသနာ့ကျက်သရေဆောင် ဆရာတော်ကြီးတို့သည် မိမိတို့၏ တပည့်ရဟန်း၊ သာမဏေငယ်တို့အား မိမိတို့၏ ကျောင်းဝင်းပရိဝုဏ်အတွင်း အမှိုက်ရှင်းကြရန်၊ တံမြက်လှည်းကြရန်နှင့် အမှိုက်ကျုံးပြီး၊ တံမြက်လှည်းပြီးပါကလည်း ဆုတောင်းကြရန် ဆိုဆုံးမလေ့ရှိကြပါသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် အများသံဃာတို့ ဆွမ်းခံကြွချိန်တွင် ကျောင်းစဉ်လှည့်လည်ကြည့်ရှု၍ တံမြက်မလှည်းရသေးသောနေရာများကို တံမြက်လှည်းခြင်း အမှုကို နေ့စဉ်ပြုလုပ်လေ့ရှိပါသည်။ ထို့ကြောင့် အမှိုက်သန့်ရှင်းခြင်းအမှုသည် သူတော်ကောင်းကြီးများပင် ပြုလုပ်သောအလုပ်ဖြစ်ပါသည်။ မိမိတို့လည်း သူတော်ကောင်း အလုပ်ကို ပြုလုပ်ရမည်၊ ပြုလုပ်သင့်သည်ဟု ခံယူရမည် ဖြစ်ပါသည်။

ဝိနယပိဋကပရိဝါပါဠိတော်တွင် တံမြက်လှည်းခြင်းဟူသော အမှိုက်သန့်ရှင်းခြင်းကြောင့် ရရှိသောအကျိုးငါးပါး ပါရှိပါသည်။

ယင်းတို့မှာ–

၁။ မိမိစိတ်ကို ကြည်လင်စေခြင်း၊
၂။ သူတစ်ပါးတို့၏ စိတ်ကို ကြည်လင်စေခြင်း၊
၃။ နတ်တို့ ချစ်ခင်ဝမ်းမြောက်ခြင်း၊
၄။ ကြည်လင်ဖွယ်ကို ဖြစ်စေတတ်သောကြောင့် ကောင်းမှုကုသိုလ် ဆည်းပူးရခြင်း၊
၅။ သေလွန်သောအခါ သုဂတိနတ်ရွာသို့ရောက်ရခြင်း

တို့ဖြစ်ပါသည်။

တံမြက်လှည်းခြင်း၏ အကျိုးပြဝတ္ထုဇာတ်လမ်းကို ပရိဝါအဋ္ဌကထာမှ ကောက်နုတ်ဖော်ပြပါမည်။ သီဟိုဠ်ကျွန်း ကဋအန္ဓကာရအရပ်နေ ဖုဿဒေဝမထေရ်သည် စေတီရင်ပြင်၌ နေ့စဉ်တံမြက်လှည်းပြီး ညီညာသန့်ရှင်းနေသော စေတီရင်ပြင်ကိုကြည့်ကာ မြတ်စွာဘုရားကို အာရုံပြုလျက် နှစ်သက်ကြည်နူးခြင်းပီတိ ဖြစ်လေ့ရှိ၏။ ထိုသောအခါ မာရ်နတ်သည် မျောက်ညိုကြီးကဲ့သို့ ဖန်ဆင်းပြီး စေတီရင်ပြင်၌ နွားချေးတို့ကို ဖြန့်ကြဲသွားသည်။ ဖုဿဒေဝမထေရ်က တံမြက်လှည်းကာ သန့်ရှင်းရ၏။ နောက်တစ်နေ့တွင်လည်း နွားအိုကြီးတစ်ကောင် အယောင်ဆောင်၍ နွားချေးတို့ကို စွန့်ချသွားပြန်သည်။ တတိယနေ့တွင်လည်း အလွန်အရုပ်ဆိုးသော လူကြီးတစ်ယောက် အယောင်ဆောင်၍ ခြေထောက်တရွတ်တိုက်ဆွဲကာ စေတီရင်ပြင်တွင် အမှိုက်များဖြန့်ကြဲသွားသည်။

ဖုဿဒေဝမထေရ်သည် “ဤကဲ့သို့ အရုပ်ဆိုးသော လူတစ်ယောက် ပတ်ဝန်းကျင် တစ်ယူဇနာအတွင်း ကျေးရွာတို့၌မရှိ၊ မာရ်နတ်ဖြစ်ရမည်” ဟု တွေးမိကာ “သင်သည် မာရ်နတ်မဟုတ်ပါလော”ဟုမေးလိုက်၏။ မာရ်နတ်က ဟုတ်မှန်ကြောင်း ဝန်ခံသည်။ မထေရ်က **“သင်သည် ဘုရားရှင်ကို မီလိုက်သည်။ တန်ခိုးဣဒ္ဓိပါဒ်နှင့်လည်း ပြည့်စုံသည်။ မြတ်စွာဘုရား၏ ရုပ်ဆင်းပုံတော်ကို မိမိအားဖန်ဆင်းပြပါ”** ဟု ပြောဆို သည်။ မာရ်နတ်က **“အလုံးစုံတူအောင် မဖန်ဆင်းနိုင်ပါ။ တတ်စွမ်းသမျှ ဖန်ဆင်းပြပါမည်”** ဟု ဆိုကာ မြတ်စွာဘုရား၏ ပုံတော်ရုပ်ဆင်းကို ဖန်ဆင်းပြ၏။

ဖုဿဒေဝမထေရ်သည် ထိုဖန်ဆင်းပြသော မြတ်စွာဘုရား၏ ပုံတော်ရုပ်ဆင်းကိုကြည့်ကာ “ရာဂ၊ ဒေါသ၊ မောဟ မကင်းသော မာရ်နတ်၏ အတုရုပ်ပုံတော်သည်ပင် ဤမျှလောက် တင့်တယ်သပ္ပာယ်ပါလျှင် ရာဂ၊ ဒေါသ၊ မောဟကင်းစင်၍ ကြည်လင်သော မြတ်စွာဘုရား၏ ရုပ်အဆင်းကို ဖူးမြင်ရလျှင် အဘယ်မှာ ဆိုဖွယ်ရာရှိနိုင်ပါတော့အံ့နည်း” ဟုတွေးကာ မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို အာရုံမှန်းလျက် အလွန်နှစ်သက်ခြင်းပီတိများ တစ်ကိုယ်လုံး တစိမ့်စိမ့်ဖြစ်ပေါ်လာ၏။ ထိုပီတိကို အခြေခံ၍ ဝိပဿနာပွားသဖြင့် ရဟန္တာဖြစ်တော်မူလေသည်။

သို့ဖြစ်ပါ၍ **အမှိုက်ဟူသည် မည်သည့်အမှိုက်မျှ မကောင်းပေ။ လူသားတို့၏ ကိုယ်စိတ်ကျန်းမာ သန့်ရှင်းရေးကို အနှောင့်အယှက်ဖြစ်စေသော သဘာဝအမှိုက်ဟူသမျှတို့ကိုလည်း သုတ်သင်ရှင်းလင်းကြပါ။ ထို့ပြင် လောက၊ သံသရာ နှစ်ဖြာသောအကျိုးကို ပျက်ပြားစေသော စိတ်ယုတ်၊ စိတ်ပုပ်ဟူသော အကုသိုလ် အမှိုက်များကိုလည်း သုတ်သင်ရှင်းလင်းကြပါ**ဟူ၍ တင်ပြရပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂–၁–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။ မြဝတီအဖွင့်
၁၂း၀၅	၂။ အဖွင့်သီချင်း
၁၂း၁၀	၃။ မျိုးချစ်တပ်မတော်
၁၂း၂၅	၄။ ကျန်းမာသုတ
၁၂း၃၀	၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **–ညီတော်နောင်တော် တန်ခိုးရှင် –သရုပ်ဆောင်–လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ကလေးသရုပ်ဆောင်– ဟဲဗီးဖြိုး**
၁း၅၀	၆။ အမျိုးသားရေးတေးကဗျာ
၁း၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀	၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၅။ မျိုးချစ်တပ်မတော်
၄း၄၅	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။ နိုင်ငံတကာသတင်း
၆း၂၀	၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း–၂၅)**
၈း၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ မိုးလေဝသသတင်း
	၁၆။ အမျိုးသားရေးတေးကဗျာ
	၁၇။ လူရွှင်တော်ရွှေဖလား
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –နီလာလက်ကောက် (အပိုင်း–၂၇)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

ဗီယက်နမ်တွင် ငှက်ရှိုင်းမှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်

ဟန္နိုင်း ဇန်နဝါရီ ၁၁

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဆွန်လာပြည်နယ်တွင် အသက်လေးနှစ်အရွယ် ကလေးတစ်ဦးသည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလက သေဆုံးခဲ့ရခြင်းမှာ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ဖြစ်နိုင်ကြောင်း လူငယ်အမည်ရှိ သတင်းစာက ဇန်နဝါရီ ၁၀ ရက်တွင် ရေးသားသည်။

စမ်းသပ်စစ်ဆေး

ယင်းပြည်နယ်ရှိ အိမ်မွေးတိရစ္ဆာန်များမှ နမူနာအားလုံး စမ်းသပ်စစ်ဆေးရာ H_5N_1 ဗိုင်းရပ်စ်ပိုး မရှိကြောင်းတွေ့ရှိခဲ့ရသည်။ သို့ရာတွင် အဆိုပါ ကလေးငယ်သည် ၎င်း၏ မိသားစုဝင်များက ဖမ်းဆီးယူဆောင်လာခဲ့သည့် ငှက်မှတစ်ဆင့် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရဖွယ်ရှိသည်ဟု ဗီယက်နမ်တိရစ္ဆာန် ကျန်းမာရေးဌာနကို ကိုးကား၍ သတင်းစာက ရေးသားသည်။

အတည်ပြု

ဗီယက်နမ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ ကူးစက်မှုမရှိသည်မှာ လေးလကြာပြီဖြစ်သည်။ သို့သော် မကြာသေးမီက မော့ချမ်ခရိုင်မှ ယောကျ်ားလေးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားပြီး သေဆုံးခဲ့သည်ဟု ဗီယက်နမ် ကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။ ၎င်းကလေးကို ဟန္နိုင်းရှိ ကလေးဆေးရုံသို့တင်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် သေဆုံးခဲ့သည်။ ၎င်းကလေးသည် အဆုတ်ရောင်နာနှင့် အဖျားကြီးသည့် ဝေဒနာများကို ခံစားခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လေတပ်ဖွဲ့မှဘတ်စ်ကားကို ဗုံးခွဲရာ၌ ကြိုးကိုင်သူ ပါကစ္စတန်ထောက်လှမ်းရေးက ဖမ်းမိ

လာဟိုး(ပါကစ္စတန်) ဇန်နဝါရီ ၁၁

ပါကစ္စတန်နိုင်ငံ၌ ဖြစ်ပွားသောဗုံးခွဲမှုတွင် နောက်ကွယ်မှ ကြိုးကိုင်သည်ဟု သံသယရှိသော ပါကစ္စတန်တပ်ဖွဲ့မှ အငြိမ်းစားဗိုလ်မှူးဟောင်းတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ဇန်နဝါရီ ၉ရက်တွင် ထောက်လှမ်းရေးအရာရှိတစ်ဦးက ပြောကြားသည်။

နိုဝင်ဘာလအတွင်းက လေတပ်ဖွဲ့မှ ဘတ်စ်ကားတစ်စီးကို ဗုံးခွဲမှုဖြစ်ပွားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဗိုလ်မှူးဟောင်းအာဆန်အူလ်ဟတ်ကို လာဟိုးမြို့၌ ဒီဇင်ဘာ ၁၇ရက်က ဖမ်းဆီးခဲ့သည်။

ဖောက်ခွဲရေးပစ္စည်းဖမ်းမိ

၎င်းအရာရှိဟောင်း၏ အိမ်တွင် ဖောက်ခွဲရေးပစ္စည်းများနှင့် အသေခံတိုက်ခိုက်ရာ၌ သုံးသော ဗုံးဝတ်စုံများကိုလည်းသိမ်းဆည်းရမိခဲ့ကြောင်း အမည်မဖော်လိုသူ ထောက်လှမ်းရေးအရာရှိက ပြောကြားသည်။

နောက်ပိုင်းတွင် အူလ်ဟတ်၏ အပေါင်းပါငါးဦးကိုလည်း အာဏာပိုင်များက ဖမ်းဆီးလိုက်သည်။ ၎င်းတို့အားလုံးသည် ဆော်ဂိုဟာမြို့၌ ဖြစ်ပွားသော ဗုံးခွဲမှုတွင် ပါဝင်ခဲ့ကြောင်း ဝန်ခံခဲ့ကြသည်။

မော်တော်ဆိုင်ကယ်စီးလာသူ ဗုံးခွဲသမားက လေတပ်ဖွဲ့ဝင်များ လိုက်ပါလာသော ဘတ်စ်ကားကို နိုဝင်ဘာ ၁ရက်က ဆော်ဂိုဟာမြို့၌ တိုက်ခိုက်ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ထိုမြို့သည် လာဟိုးမြို့အနောက်ဘက်မိုင် ၁၀၀အကွာတွင် ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ လက်ဘနွန်ဘက်မှ ဒုံးကျည်ဖြင့်ပစ်ခတ်

ဂျေရုဆလင် ဇန်နဝါရီ ၁၁

လက်ဘနွန်နိုင်ငံမှ အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဇန်နဝါရီ ၈ရက် ညပိုင်းက ကတ်ယူရှာဒုံးကျည် နှစ်စင်း ပစ်ခတ်ခဲ့ကြောင်း၊ ပျက်စီးမှုရှိသော်လည်း လူသေကျေဒဏ်ရာရရှိမှု မရှိကြောင်း အစ္စရေးရဲတပ်ဖွဲ့နှင့် စစ်ဘက်တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

မငြိမ်မသက်

၂၀၀၆ခုနှစ် စစ်ပွဲအတွင်းက လက်ဘနွန် ဟစ်ဇ်ဘိုလာပြောက်ကျားများက အစ္စရေးနိုင်ငံနယ်စပ်ရှိ ကျေးရွာများကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။၂၀၀၆ ခုနှစ်အတွင်းဟစ်ဇ်ဘိုလာ ပြောက်ကျားများ ထိန်းချုပ်သည့်ဒေသများကို အစ္စရေးတပ်ဖွဲ့များက စစ်ဆင်နွှဲခဲ့ချိန်နောက်ပိုင်း နယ်စပ်ဒေသတွင် မငြိမ်မသက်မှုများ ဖြစ်ပေါ်လာခဲ့သည်။

ယင်းစစ်ပွဲအပြီး ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ကို နယ်စပ်တစ်လျှောက် ဖြန့်ကြက်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘရာဇီးနိုင်ငံ ဗီလာရီကာမြို့တွင် မှတ်သုံသစ်တောအတွင်းမှ ထုတ်ယူခဲ့သည့် သစ်လုံးများကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန်နိုင်ငံတွင် နိုဝင်ဘာ ၁ ရက်က ဘတ်စ်ကား ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက် အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

သေနတ်ပေါ်ခွေးတက်နင်းရာမှ ကျည်ထွက်၍ မုဆိုးသေဆုံး

ဟူစတန် ဇန်နဝါရီ ၁၁

အမေရိကန်နိုင်ငံ ဟူစတန်မြို့တွင် မုဆိုးတစ်ဦး လက်နက်မတော်တဆမှုကြောင့် သေဆုံးကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

အသက်၃၆နှစ်အရွယ် ကျောင်းဆရာ ပါရီပရိုက်စ်သည် ဇန်နဝါရီ ၅ ရက်က ဘဲငန်း ပစ်ခတ်ပြီးနောက် ကျည်ထိုးထားသည့်သေနတ်ကို ကားနောက်ခန်းတွင်ထားခဲ့ကြောင်း၊ ၎င်းသေနတ်ခလုတ်ပေါ်သို့ ကားနောက်ခန်းတွင် ရှိနေသော ခွေးတစ်ကောင်က တက်နင်းမိရာမှ ကျည်ဆန်ထွက်ပြီး ပါရီပရိုက်စ်ကို ထိမှန်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။စုံစမ်းစစ်ဆေးသူများက သေနတ်ပေါ်တွင် ခွေး၏ခြေရာကိုတွေ့ရှိခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် သံတမန် အများစုက ဘုရှ်၏ အီရတ်ဆိုင်ရာမူဝါဒကို မထောက်ခံ

ဝါရှင်တန် ဇန်နဝါရီ ၁၁

အမေရိကန်သံတမန် ထက်ဝက်ခန့်တို့သည် အီရတ်နိုင်ငံ၌ တာဝန်မထမ်းဆောင်လိုကြကြောင်း၊ ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းရင်းမှာ သမ္မတ ဘုရှ်အစိုးရ၏ အီရတ်မူဝါဒအပေါ် ထောက်ခံမှုမရှိခြင်းကြောင့် ဖြစ်ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

အဆိုပါစစ်တမ်းကို အမေရိကန် နိုင်ငံခြားရေးလုပ်ငန်းအဖွဲ့က လေ့လာထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစစ်တမ်းကို ကောက်ယူသူများက နိုင်ငံခြားရေးလုပ်ငန်း အဖွဲ့ဝင် ၁၁၅၀၀ ရှိသည့်အနက် အဖွဲ့ဝင် ၄၃၁၁ဦး၏ သဘောထားများကို ရယူခြင်းဖြစ်သည်။

အီရတ်စစ်ပွဲကြောင့် အမေရိကန်သံတမန်အဖွဲ့များအတွက်မကျေနပ်မှုများ ဖြစ်စေသည်။ သံတမန် ၄၈ရာခိုင်နှုန်းတို့က အမေရိကန်၏ အီရတ်ဆိုင်ရာ မူဝါဒကို ဆန့်ကျင် ပြီး အီရတ်သို့သွားရောက် တာဝန်မထမ်းဆောင်လိုကြောင်း ထုတ်ဖော်ပြောကြားသည်။

အီရတ်သို့ မသွားလိုသည့် အခြားသော အကြောင်းရင်းမှာ လုံခြုံရေးအရ စိုးရိမ်မကင်းဖြစ်မှု၊ မိသားစုနှင့်ဝေးနေရမှုနှင့် တာဝန်ထမ်းဆောင်ရာတွင် အခက်အခဲများ ရှိနေမှုတို့ကြောင့်ဖြစ်သည်ဟု သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်–အိန္ဒိယ နျူကလီးယား သဘောတူညီချက် အဏုမြူလက်နက် မပြန့်ပွားရေးကြိုးပမ်းမှု မထိခိုက်သင့်ဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၁၁

အမေရိကန်–အိန္ဒိယ အရပ်ဘက်သုံး နျူကလီးယား သဘောတူညီချက်သည် အဏုမြူလက်နက် မပြန့်ပွားရေးကြိုးပမ်းမှုများကို ထိခိုက်စေခြင်းမရှိသင့်ကြောင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်း ၁၀၀ ခန့်နှင့် ပုဂ္ဂိုလ် ၂၅ ဦး ပါဝင်သော အုပ်စုတစ်စုက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းလိုက်သည်။

အမေရိကန်–အိန္ဒိယ သဘောတူညီချက်သည် နျူကလီးယားလက်နက် မပြန့်ပွားရေးကြိုးပမ်းမှုများကို ထိခိုက်စေနိုင်ပြီး ကမ္ဘာတစ်ဝန်း နျူကလီးယားလက်နက် ဖျက်သိမ်းရေးလုပ်ငန်းတွင် အခက်အခဲဖြစ်စေနိုင်ကြောင်း အဆိုပါစာတွင် ရေးသားထားသည်။

အဆိုပါစာကို အမေရိကန်နိုင်ငံ ဝါရှင်တန်အခြေစိုက် လက်နက်ထိန်းချုပ်ရေးအသင်းက ထုတ်ပြန်ခဲ့သည်။ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နိုင်ငံသားများ၏ နျူကလီးယား သတင်းအချက်အလက် ဗဟိုဌာနကလည်း အမေရိကန်နှင့် အိန္ဒိယ နျူကလီးယား သဘောတူညီချက်နှင့်ပတ်သက်၍ သတိပေးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်စီးပွားရေး ကျဆင်းပါက ဖိလစ်ပိုင်နိုင်ငံအပေါ် ဂယက်ရိုက်နိုင်

မနီလာ ဇန်နဝါရီ ၁၁

အမေရိကန်နိုင်ငံ၏ စီးပွားရေး ကျဆင်းလာမည်ဆိုပါက ဖိလစ်ပိုင်နိုင်ငံ၏ ပြည်ပပို့ကုန် တင်ပို့မှုနှင့် ပင်လယ်ရပ်ခြားနိုင်ငံများသို့ ဖိလစ်ပိုင်နိုင်ငံသားများ သွားရောက်အလုပ်လုပ်ကိုင်မှုတို့ ထိခိုက်နိုင်ကြောင်း ကျွမ်းကျင်သူပညာရှင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရေနံဈေးနှုန်း မြင့်တက်လာမှု၊ ဘဏ္ဍာရေးဈေးကွက်များ ယိမ်းယိုင်လာမှုနှင့် ဒေါ်လာငွေတန်ဖိုး ကျဆင်းလာမှုတို့ကြောင့် အမေရိကန်စီးပွားရေး ကျဆင်းမည့် လက္ခဏာများကို တွေ့မြင်လာရကြောင်း ဖိလစ်ပိုင်တက္ကသိုလ်မှ ပါမောက္ခလီယိုနာ ဘရိုင်ယိုနက်စ်၏ ပြောကြားချက်ကိုကိုးကား၍ အေဘီအက်စ်စီဘီအင်န် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သဖြင့် ယင်းနိုင်ငံ၏ စီးပွားရေး အခြေအနေသည် မိမိတို့နိုင်ငံအပေါ် အကျိုးသက်ရောက်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင် နိုင်ငံသားများသည် အမေရိကန်နိုင်ငံအပါအဝင်ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ် လုပ်ကိုင်ကြသဖြင့်အမေရိကန်စီးပွားရေးကျဆင်းမှုရှိလာပါက ပြည်ပအလုပ်အကိုင်များ ထိခိုက်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကင်ညာ၌ အကြမ်းဖက်မှု၊ မတည်ငြိမ်မှုများပပျောက်ရေး ဂါနာသမ္မတနှင့် ကင်ညာသမ္မတတို့ ဆွေးနွေး

နိုင်ရိုဘီ ဇန်နဝါရီ ၁၁

ကင်ညာနိုင်ငံရွေးကောက်ပွဲအပြီး ပြည်သူ ၅၀၀ ကျော် သေဆုံးခဲ့ရသည့် အကြမ်းဖက်မှုများနှင့် မတည်မငြိမ်ဖြစ်မှုများ ပပျောက်ရေး ကြိုးပမ်းသည့်အနေဖြင့် အာဖရိကသမဂ္ဂအကြီးအကဲ ဖြစ်သူ ဂျွန်ကူဖော်က ကင်ညာသမ္မတနှင့် အခြားခေါင်းဆောင်အကြား ဆွေးနွေးမှုများပြုလုပ်နိုင်ရန် ခေါက်တုံ့ခေါက်ပြန် သွားလာဆောင်ရွက်နေသည်။

ဂါနာသမ္မတ ဂျွန်ကူဖော်က နိုင်ငံရေးခေါင်းဆောင် ရိုင်လာအိုဒင်ကာနှင့် ဆွေးနွေးမှုများမပြုလုပ်မီ ကင်ညာသမ္မတ အမ်ဝေကီဘာကီကို အစိုးရဂေဟာတွင် ပထမဆုံးတွေ့ဆုံခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့က သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်တော်များလောင်းလှူစဉ်။ (၃၅)

နှစ်ဖက်မိဘများဖြစ်ကြသော ဗိုလ်ချုပ်ကြည်ဝင်း(ငြိမ်း)-ဒေါ်ခင်မြမွန်၊ ဦးသန်းထွန်းဦး-ဒေါ်အေးအေးမွန်တို့အား အမှူးထား၍ မောင်ဝေဖြိုး-မစန္ဒီထူးတို့၏ မင်္ဂလာဦးအလှူနှင့် မစန္ဒီထူး၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို ဇန်နဝါရီ ၇ ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးသန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မူကြိုဘက်စုံဖွံ့ဖြိုးရေး သင်ရိုးညွှန်းတမ်းနှင့် ကလေးများပြုစုပျိုးထောင်ရေး လမ်းညွှန်စာအုပ်များ စတင်ဖြန့်ဝေ

နေပြည်တော် ဇန်နဝါရီ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ရေးသားပြုစုသည့် မူလတန်းကြိုကျောင်းများအတွက် မူကြိုဘက်စုံဖွံ့ဖြိုးရေး သင်ရိုးညွှန်းတမ်း(Pre-School Curriculum)နှင့် နေ့ကလေးထိန်းဌာနများအတွက် အသက်သုံးနှစ်မပြည့်မီ ကလေးများပြုစုပျိုးထောင်ရေးလမ်းညွှန် (0-3 Guideline)စာအုပ်များ စတင်ဖြန့်ဝေခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က သင်ရိုးညွှန်းတမ်း လမ်းညွှန်စာအုပ်များ ရေးသားပြုစုမှု လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ဖြန့်ဝေပေးအပ်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူများက ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မူလတန်းကြိုကျောင်းများ၊ စေတနာ့ဝန်ထမ်း မူလတန်းကြိုကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ ကိုယ်စားလှယ်များအား Pre-School Curriculum နှင့် 0-3 Guideline စာအုပ်များကို အသီးသီးဖြန့်ဝေပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)မှ အလုပ်အမှုဆောင် ဒေါ်သဇင်နွယ်က သင်ရိုးညွှန်းတမ်း လမ်းညွှန်စာအုပ်များ ဖြန့်ဝေနိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တက်ရောက်လာကြသူများအား "မူကြိုအရွယ် ဒီလိုသင်ပါကွယ်" အသိပညာပေး VCD အခွေကို ပြသပြီး နေပြည်တော်ရှိ မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်များက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်ရိုးညွှန်းတမ်း လမ်းညွှန်စာအုပ်များကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မူကြိုဘက်စုံဖွံ့ဖြိုးရေး သင်ရိုးညွှန်းတမ်းနှင့် အသက်သုံးနှစ်မပြည့်မီ ကလေးများပြုစုပျိုးထောင်ရေးလမ်းညွှန်စာအုပ်များကို ဖြန့်ဝေပေးအပ်စဉ်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ (၅)၊ အမှတ် (၃) ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၁

ယခုတစ်ပတ် သတင်းဂျာနယ်တွင် သောက်သုံးရေ ဖူလုံရေးကြိုးပမ်း၊ ၂၀၀၉ခုနှစ်တွင် ဖူလုံပိုလျှံမည်၊ ဖျာပုံ ရခိုင်ငါးခြောက် အညာရောက် ရေချိုငါးခြောက်အဝယ်သွက်၊ ဧရာဝတီ မြစ်ကျွန်းစိုက်ရာသီ ဓာတ်မြေဩဇာ အဝယ်လိုက်၊ UNFPA မှ မိခင်မှ ကလေးကို HIV ပိုး မကူးစက်ရေး စီမံချက်၊ ၂၀၀၇မှ ၂၀၁၀ထိဆောင်ရွက်မည် အစရှိသည့် ပြည်တွင်းသတင်းများနှင့် အင်ဒိုနီးရှားကို ကမ္ဘာ့ဘဏ်ကူညီ၊ဒေါ်လာအပေါ်အသာစီးရနေသည့် တရုတ်ယွမ်၊ အာဆီယံ-အိန္ဒိယ သွင်းကုန်ခွန်ကိစ္စ၊ တရုတ်-ဂျပန်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် ကတိပြု အပါအဝင် နိုင်ငံတကာ စီးပွားရေးသတင်းများအပါအဝင်၊ သုတရသဆောင်းပါးများနှင့် မှုခင်းသတင်းများ ဝေဝေဆာဆာ ဖော်ပြထားသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့် ဆိုင်များမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ ဖြစ်ကြပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ စိမ်းလဲ့ရွှေပြည် ဂျာနယ်ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းရုံး အဆောက်အအုံ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်အတွင်းရှိ လုပ်ငန်းများ ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၈ ရက်တွင် ပဲခူးတိုင်း ဝေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သထုံခရိုင် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ဒေသအာဏာပိုင်များ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူလူထုကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားပြီး ဆေးရုံ၏ အစာအိမ်နှင့် အူလမ်းကြောင်းစစ်ဆေးခန်း၊ ဓာတ်ခွဲခန်း၊ လူနာဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်၊ သားဖွားခန်း၊ အရိုးအထူးကုဌာန၊ ခွဲစိတ်ခန်း၊ ကူးစက်လူနာကုသဆောင်၊ ဓာတ်မှန်ဌာနနှင့် ဆေးသိုလှောင်ခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပေါင်မြို့နယ် ရင်းငြိမ်ကျေးလက်ကျန်းမာရေးဌာနနှင့်ဇင်းကျိုက်ကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေး ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အိမ်တိုင်းအိမ်တိုင်း ယင်လုံအိမ်သာထားရှိရန်၊ ကျေးရွာတိုင်းတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အနည်းဆုံး အဝီစိတွင်းတစ်တွင်း(သို့မဟုတ်) ရေတွင်းအားအဖုံးအကာဖြင့်သောက်ရေအတွက် သီးခြားထားရှိသော ရေတွင်းတစ်တွင်းထားရှိရေးကို ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။ ထို့မှတစ်ဆင့် ဒုတိယ ဝန်ကြီးသည် ပေါင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံ အစည်းအဝေးခန်းမ၌ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် အသစ်ဆောက်လုပ်ပြီးစီးသော လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘားအံမြို့နယ် ကျေးလက်ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းကုသ

ရန်ကုန် ဇန်နဝါရီ ၁၁

ကရင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဆောင်လျက် ဘားအံတိုင်းရင်းဆေးရုံ၊ ဘားအံခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများနှင့် တိုင်းရင်းဆေးတက္ကသိုလ်ဆင်းအလုပ်သင်ဆရာ၊ဆရာမများပါဝင်သော ကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၈ ရက်က ဘားအံမြို့နယ် ရွှေတောကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ပြည်သူများ ကျန်းမာရေးအတွက် တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းကုသရာ အနီးဝန်းကျင်ကျေးရွာ ငါးရွာမှ ကျေးလက်ပြည်သူ ၁၂၅ ဦး လာရောက်ကုသမှုခံယူကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းရင်းဆေးပညာပေး ဟောပြောပွဲ ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးတင်ယုနှင့် ရွှေတောကျေးရွာအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးစောဘမြင့်တို့က အမှာစကားပြောကြားပြီး ဘားအံတိုင်းရင်းဆေးရုံမှ ဒု-ဆေးရုံအုပ် ဦးဇော်ဝင်းက ဘားအံတိုင်းရင်းဆေးရုံအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘားအံခရိုင် တိုင်းရင်းဆေးမှူး ဦးစောလွင်က လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဘားအံမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဒု-တိုင်းရင်းဆေးမှူး ဦးသန်းထွဋ်က စားမှု၊ နေမှုသတိပြုခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

တာမွေမြို့နယ် မြန်မာပြည်သားအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုလီမိတက်၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ အမြတ်အများဆုံး ရောင်းချပေးနိုင်သော ဝန်ထမ်းများအား ဆုချီးမြှင့်၍ ဝတ်စုံပစ္စည်းများနှင့် ကံစမ်းမဲဖောက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြင့်နိုင် ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (၀၈)

တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း ထန်းတပင်မြို့နယ် နွေစပါးထွန်ယက်စိုက်ပျိုးခြင်းနှင့် တစ်မိုးနှစ်သီး ဒုတိယစပါး ရိတ်သိမ်းပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၏ နွေစပါးထွန်ယက်စိုက်ပျိုးခြင်းနှင့် တစ်မိုးနှစ်သီး ဒုတိယစပါး ရိတ်သိမ်းပွဲကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ထန်းတပင်မြို့နယ် ရိုးခွကျေးရွာ လယ်သမားကြီး ဦးတင်ထွေး၏ နွေစပါးစံပြ ငါးဧကစိုက်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရှင်းလင်း

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနို့အောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမြင့်နှင့် စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇော်ခင်တို့က တိုင်းနှင့် မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အသုံးပြု

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ရန်ကုန်တိုင်း အနေဖြင့် နွေစပါးဧက ၂၄၀၀၀၀ လျာထားစိုက်ပျိုးလျက်ရှိရာ သတ်မှတ်ဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သဘာဝ သစ်ရွက်ဆွေး မြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်အသုံးပြု၍ စိုက်ပျိုးရန်၊ ခေတ်မီစက်ကိရိယာများကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိစွာ အသုံးပြုရန် မှာကြားပြီး တိုင်းမှူးနှင့်အဖွဲ့သည် နွေစပါးပျိုးထောင်ထားမှု၊ မျိုးစေ့ချ ကိရိယာဖြင့် နွေစပါး စိုက်ပျိုးနေမှု၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှု၊ သဘာဝသစ်ရွက်ဆွေး မြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်၍ ကြဲပက်နေမှု၊ သဘာဝသစ်ရွက်ဆွေးမြေဩဇာ ပြုလုပ်ထားမှုများကို ကြည့်ရှုအားပေးကြသည်။

စမ်းသပ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လယ်သမားကြီး ဦးကံငြိမ်း၏ စမ်းသပ်နေကြာ နှစ်ဧကစိုက်ခင်း၊ လယ်သမားကြီး ဦးကျော်ဇင်အောင်၏ တစ်မိုးနှစ်သီး စံပြနှစ်ဧက၌ ဒုတိယစပါး ရိတ်သိမ်း ခြွေလှေ့နေမှုနှင့် အစုကြီးကျေးရွာ လယ်သမားကြီး ဦးမောင်ထွေး၏ စံပြပြောင်း သုံးဧကစိုက်ခင်းတို့ကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်း နွေစပါးဧက ၁၆၀၀၀၀ ကျော်၊ နေကြာ ၁၂၄၀၀ ကျော်၊ အစေ့ထုတ်ပြောင်းဧက ၅၀၀၀ကျော်လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး နွေစပါးဧက ၅၀၀၀၀ ကျော်၊ နေကြာဧက ၅၇၀၀ ကျော်နှင့် အစေ့ထုတ်ပြောင်းဧက ၈၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ထန်းတပင်မြို့နယ် ရိုးခွကျေးရွာ လယ်သမားကြီး ဦးတင်ထွေး၏ နွေစပါးစံပြ ငါးဧကစိုက်ကွင်းတွင် နွေစပါးပျိုးထောင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

သာကေတမြို့နယ် တံခွန်တိုင်တောရကျောင်းတိုက် အောင်စေတီဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရကြီးမှူး၍ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းတည်ထားတော်မူသော သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ (ထားမလုံ) အောင်မြေဗောဓိစေတီတော်ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ၁၃၆၉ ခုနှစ် ပြာသိုလပြည့်နေ့ (ဇန်နဝါရီ ၂၂ ရက်) အင်္ဂါနေ့ နံနက် ၈နာရီ၁၀ မိနစ်တွင် အထက်ပါ အောင်မြေဗောဓိစေတီတော် ပရိဝုဏ်၌ ကျင်းပမည်ဖြစ်သည်။

ထီးတော်တင်လှူပွဲ အထိမ်းအမှတ် မဟာပဋ္ဌာန်းပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက်မှ၂၀ ရက်အထိ ကျင်းပမည် ဖြစ်ပြီး အထူးတရားပွဲကို ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့၌ ည ၇နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၁ ရက်ညတွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt,Ph.D) ကလည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်ညတွင် ဓမ္မဒူတအရှင်ဆေကိန္ဒက လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲကျင်းပရေးကော်မတီတို့ ပူးပေါင်းကျင်းပသော မြို့နယ်တစ်ပတ် တာဝေးမာရသွန် အပြေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်ဇော်လင်းနှင့် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလှအောင်တို့ ပထမဆုရ မောင်နိုင်ဝင်းအား စက်ဘီးတစ်စီး ချီးမြှင့်စဉ်။ (၅၀၆)

မဟာဓာတ်အားလိုင်း မြစ်ကူးတာဝါတိုင်စီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်သည် ဇန်နဝါရီ ၈ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် တောင်ငူပင်မဓာတ်အားခွဲရုံမှ သာကေတ ပင်မဓာတ်အားခွဲရုံသို့ သွယ်တန်းတည်ဆောက်မည့် 230 KV မဟာဓာတ်အားလိုင်း၏ ပဲခူးမြစ်အတွင်း မြစ်ကူးတာဝါတိုင်များ Boled Pileတည်ဆောက်ခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့် မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အား ပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း)စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်တို့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

HIV/AIDS ရောဂါ အသိပညာဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် HIV/AIDS အသိပညာ ဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာ တိုးတိုးအောင်က ကျောင်း အသီးသီးမှ ကိုယ်စားပြု၍ HIV/AIDS ရောဂါနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆုပေးပွဲ ကျင်းပရာ အထက်တန်းအဆင့် ဆုရသူများနှင့် အလယ်တန်းအဆင့် ဆုရများအား မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး ဒေါက်တာ တိုးတိုးအောင်**(အပေါ်ဝဲပုံ)**နှင့် မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင် ဦးကျော်မြင့်တို့ ဆုများနှင့် ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (သတင်းစဉ်)

လသာမြို့နယ် အမှတ်(၅)ရပ်ကွက်၌ စာဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လသာမြို့နယ်ရုံးက ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၇ ရက်က လသာမြို့နယ် အမှတ်(၅)ရပ်ကွက်တွင် စာဖတ်ပွဲ ကျင်းပသည်။ အခမ်းအနားတွင် ဦးစီးမှူး ဒေါ်မူမူတင်က စာဖတ်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ၏ အကြီးအမှူးအဖြစ်စေတတ်သော စာအုပ်မှ ဆောင်းပါးများကို အမှတ်(၅) ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မျိုးဝင်းနှင့် ရပ်ကွက်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်စုစုအေးတို့ ဖတ်ကြားကြပြီး မြို့နယ် ဦးစီးမှူးဒေါ်မူမူတင်က ပြန်လည်သုံးသပ်ဆွေးနွေးသည်။

(မြို့နယ်/ပြန်ဆက်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စုကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလားအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ပြိုင်ပွဲတွင် အနိုင်ရရှိသော ကာယ ရပ်ကွက် ဘောလုံးအသင်းအား ဥက္ကဋ္ဌ ဦးဇော်ထွန်း ဆုဖလား ချီးမြှင့်စဉ်။ (က-ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၁

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ခဲ့သည့် ပင်စိမ်းလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းသစ် မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဗန်ကျွမ်းက လမ်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပင်စိမ်းလမ်းသည် အရှည်ပေ ၁၂၀၀ နှင့် အကျယ် ၁၂ ပေရှိပြီး စုစုပေါင်းကုန်ကျငွေမှာ ကျပ် ၃၉ သိန်း ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

✪ ကာကွယ်ရေးဝန်ကြီးဌာနမှ

စတုတ္ထအကြိမ် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံမှ တပ်မတော်အားကစားအဖွဲ့ လာရောက်ယှဉ်ပြိုင်သည်မှာ သုံးကြိမ် ရှိပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံ တပ်မတော်များ၏ ချစ်ကြည်ရေးအားကစားပြိုင်ပွဲဖြစ်၍ အနိုင်အရှုံးသည် ပဓာနမဟုတ်ဘဲ အားကစားစိတ်ဓာတ်ဖြင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်သိက္ခာနှင့် တပ်မတော်ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရန်အတွက် တပ်မတော်သားများပီပီ ခွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ စည်းကမ်းပြည့်ဝစွာဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ အဖွဲ့ခေါင်းဆောင်၏ ညွှန်ကြားမှုကို အမိန့်နာခံမှု အပြည့်အဝဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ယခု သွားရောက်ယှဉ်ပြိုင်သည့် အားကစားအဖွဲ့ကို ဘောလုံးအသင်းရော၊ ဘော်လီဘောအသင်းပါ အုပ်ချုပ်သူ၊ နည်းပြ၊ ဆက်ဆံရေးအရာရှိနှင့် ဆေးမှူးတို့ကအစ ပြည့်ပြည့်စုံစုံဖြင့် စနစ်တကျဖွဲ့စည်းပေးခဲ့ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်သည်ထက်တိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အားကစားနည်းအရလည်း နည်းစနစ်ပိုင်းဆိုင်ရာ အတုယူသင့်သည်များကို အတုယူပြီး အားကစားတိုးတက်ရေးအတွက်ကိုလည်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အဓိကအရေးအကြီးဆုံးမှာ နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ကောင်းမွန်ရန်ပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Colonel, Manoj Mukund Naravane တို့သည် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ ခေါင်းဆောင်၍ စုစုပေါင်း အဖွဲ့ဝင် ၃၈ ဦး ပါဝင်သော မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် မြန်မာ့တပ်မတော် ဘော်လီဘောအသင်းတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် မြန်မာ့တပ်မတော် ဘော်လီဘောအသင်းတို့အား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

၂၀၀၈ ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ မတ်လအတွင်း ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီတို့သည် ၂၀၀၈ ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၈ ခုနှစ် မတ်လတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၈ ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် သင့်လျော်မည့် အခြေခံရောင်းဈေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ အနေဖြင့် ရောင်းရငွေများ တိုးတက်ရရှိမည်ဖြစ်သည်။

ရတနာကုန်သည်များသည် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှုများပြားသဖြင့် ၂၀၀၈ ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေး ကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်တင်ပြရောင်းချရန် အထူးလိုအပ်သည်။

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ယခင် ကျောက်မျက်ရတနာပြပွဲများနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning) အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့အပြင် ၂၀၀၈ ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ အများအပြား တက်ရောက် ဝယ်ယူနိုင်စေရန် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

၂၀၀၈ ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက် လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အတွင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ရုပ်ရှင်သရုပ်ဆောင်လွင်မိုး၏ ဒုတိယခရီးစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းနိုင်ရန် ကြေးမုံအဖွဲ့က သွားရောက်တွေ့ဆုံခဲ့ပါသည်။

ရှေးဦးစွာ သရုပ်ဆောင်လွင်မိုးအား ခရီးသွားဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လွှင့်မှုနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ "သရုပ်ဆောင်တစ်ယောက်အနေနဲ့ ရုပ်ရှင်ဗီဒီယိုဇာတ်ကားတွေ ရိုက်ကူးတဲ့အခါမှာ နေရာဒေသအနှံ့ သွားရောက်ရကြောင်း၊ ခရီးသွားရင်းနဲ့ တွေ့ကြုံရတဲ့ ဒေသန္တရဗဟုသုတတွေကို ၎င်းတွေ့ကြုံခံစားရသလို ပရိသတ်လည်းစိတ်ဝင်စားမှာပဲဆိုတဲ့ အတွေးမျိုးနဲ့ ခရီးသွားပရိုဂရမ်တွေကို စတင်ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးသွားခြင်းပရိုဂရမ်ဟာ ရုပ်ရှင်ဗီဒီယိုကဲ့သို့ ဇာတ်လမ်းဇာတ်အိမ်ဖွဲ့ ရိုက်ကူးရတာမဟုတ်ဘဲ ဒေသခံတိုင်းရင်းသားတွေရဲ့ ရိုးသားမှု၊ရိုးရာဓလေ့စရိုက်၊ သဘာဝတွေကို အဓိကထားတင်ပြရခြင်းဖြစ်တဲ့အတွက် သက်ဆိုင်တဲ့ စာအုပ်စာတမ်းတွေကို လေ့လာပြီးမှ သွားရောက် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ ဒီလိုရိုက်ကူးတဲ့အခါမှာလည်း တိုင်းရင်းသားတွေ အနေနဲ့ သူတို့ရဲ့လှုပ်ရှားမှုတွေကို လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နဲ့ သဘာဝအတိုင်းရအောင် ၎င်းတို့နှင့် ရင်းနှီးမှုယူပြီးမှ ရိုက်ယူ

မြန်မာနိုင်ငံ ဒေသအသီးသီးမှာရှိတဲ့ သဘာဝရှုခင်းများနဲ့ တိုင်းရင်းသားတို့ရဲ့ ဓလေ့စရိုက်တွေကို ဓာတ်ပုံ ပုံရိပ်တွေနဲ့ တင်ဆက်ပြသလိုတဲ့ စေတနာကြောင့် ခရီးသွားဓာတ်ပုံတွေကို ရိုက်ကူးခဲ့တာပါ။

(ဓာတ်ပုံပညာရှင် ဦးစိန်မျိုးမြင့်)

ခဲ့ပါကြောင်း၊ ဒါကြောင့် ကျွန်တော့်ရဲ့ ချင်းပြည်နယ်ခရီးသွား ပရိုဂရမ်ဟာ ပရိသတ် စိတ်ဝင်စားမှုရခဲ့တယ်လို့ ထင်ပါကြောင်း" ပြောပြသည်။

ယခုသွားရောက်မည့် မြိတ်ကျွန်းစုများဆီသို့ ခရီးသွားပရိုဂရမ်နှင့် ပတ်သက်၍ ပြောကြားရာတွင် "လေ့လာရသမျှ နေရာဒေသတွေထဲမှာ မြိတ်ကျွန်းစုဟာ သဘာဝအနေအထားတွေ မပျက်မယွင်းရှိနေကြောင်း၊ ကိုယ်လေ့လာဖတ်ရှုသမျှထဲကနှင့် လက်ရှိအနေအထားတွေက ခိုင်လုံနိုင်ကြောင်း၊ ဒါကြောင့် ဒီခရီးစဉ်ကို ရွေးချယ်တာဖြင့်ကြောင်း၊ ခရီးသွားပရိုဂရမ်ဖြစ်တဲ့အတွက်ခရီးစဉ်ဘယ်မှာစမယ်၊ဘယ်မှာဆုံးမယ်ဆိုတာ ကြိုပြီးသတ်မှတ်ရပါကြောင်း၊ ယခုခရီးစဉ်တွင် ထားဝယ်နှင့် မြိတ်ကြား တနင်္သာရီတိုင်းမှ ကြိုဆိုပါ၏ ဆိုင်းဘုတ်မှစပြီး မော်တော်ကားလမ်းကြောင်းတစ်လျှောက် တွေ့ရှိသမျှကို ရိုက်ကူးတင်ပြမည်ဖြစ်ကြောင်း၊ ဆက်လက်၍ မြိတ်ကျွန်းစုသို့ သွားရောက်ပြီး ပတ်ဝန်းကျင်ကျွန်းများကို သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း၊ ၎င်းနောက် ကော့သောင်းတွင် ခရီးဆုံးမည်ဖြစ်ကြောင်း၊ မြိတ်ကျွန်းစုတွင် ထူးခြားမှုအနေနှင့် လေ့လာသိရှိသမျှ တနင်္သာရီကျွန်းတွင် ရေထဲမှ တိုးထွက်နေသော ပေ ၈၀၀ နီးပါးမြင့်သည့် ကျောက်နံရံကြီးရှိကြောင်း၊ ထိုကျောက်နံရံကြီးကို သွားရောက်ရိုက်ကူးရန် အစီအစဉ်ရှိကြောင်း၊ မြိတ်ကျွန်းစုတွင် ရိုက်ရမည့် နေရာတော်တော်များများရှိကြောင်း၊ ချင်းပြည်နယ်တုန်းက ၁၀ ပိုင်း ခွဲထားကြောင်း၊ အခု ၁၅ ပိုင်းလောက် ခွဲရိုက်ဖို့ မှန်းထားပါကြောင်း ပြောပြသွားသည်။ နောက်ထူးခြားမှုအနေနှင့် တနင်္သာရီတိုင်းသည် ၁၇ ရာစုနှစ်လောက်ကစပြီး ပင်လယ်ရပ်ခြား တိုင်းပြည်များနှင့် အဆက်အဆံရှိခဲ့ကြောင်း၊ သမိုင်းအနေနဲ့ကြည့်ရင် အဖိုးမဖြတ်နိုင်တဲ့ နေရာဒေသတစ်ခုဖြစ်တဲ့အတွက် ဤခရီးစဉ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောပြသွားသည်။

ကျွန်တော်တို့ကို အစဉ်တစိုက် အားပေးချီးမြှင့်ခဲ့တဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီခရီးသွားဇာတ်လမ်းတွဲတွေကို ရိုက်ဖြစ်ခဲ့တာပါ။

(လွင်မိုး)

ယခုခရီးစဉ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုများအား ဆက်လက် ပြောကြားရာ၌ ယခုလ ၂၀ ရက်တွင် 'လွင်မိုးခရီးသွားနေသည် မြိတ်ကျွန်းစုများဆီ'နှင့်ပတ်သက်၍ စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်မည်ဖြစ်ကြောင်း၊ မိမိ၏ ခရီးသွားအစီအစဉ်သည် Documentary ပုံစံမျိုးမဟုတ်ဘဲ သာမန်ခရီးသွားပုံစံဖြင့် မိမိတွေ့ရမြင်ရသမျှကို ပရိသတ်မြင်ရ တွေ့ရအောင် တင်ဆက်ခြင်းသာဖြစ်ကြောင်း၊ မြိတ်ကျွန်းစုခရီးစဉ်ပြီးပါက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကချင်ပြည်နယ် ခရီးစဉ်များကို ဆက်လက်သွားရောက်ရန် စိတ်ကူးရှိကြောင်း၊ တစ်နှစ်လျှင် သုံးပိုင်းလောက် ရိုက်ကူးနိုင်အောင် စဉ်းစားထားကြောင်း၊ ယခုခရီးစဉ်များ ဖြစ်မြောက်နိုင်အောင် Alpine သောက်ရေသန့်၊ Cool သွားတိုက်ဆေး၊ Benadryl၊ Max အချိုရည်၊ Royal Myanmar Teamix နှင့် TRI တို့က ကူညီပံ့ပိုးပေးကြောင်း၊ သရုပ်ဆောင် မင်းသားတစ်ယောက်အနေဖြင့် ယခုကဲ့သို့ ခရီးသွားပရိုဂရမ်များ ရိုက်ကူးပြီး ပရိသတ်အား တင်ဆက်ခွင့်ရတဲ့အတွက် မိမိအနေဖြင့် အကောင်းဆုံး ကျေးဇူးဆပ်ခွင့်ရသည်ဟု ယူဆကြောင်း၊ ပရိသတ်အနေနှင့်လည်း မိမိနိုင်ငံ၏ သဘာဝဒေသန္တရ ဗဟုသုတများကို သိခွင့်ရပြီး မိမိတိုင်းပြည်နှင့် မိမိလူမျိုးကို ချစ်မြတ်နိုးသော စိတ်များ ပိုမိုရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ပြောပြသွားသည်။

ခရီးစဉ်တွင် ပါဝင်မည့် ဝါရင့်ဓာတ်ပုံပညာရှင် ဦးစိန်မျိုးမြင့်ကလည်း မိမိအနေဖြင့် သဘာဝအနေအထားများကို ဓာတ်ပုံရိုက်ကူးရန် စိတ်ဝင်စားကြောင်း၊ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူဘဲ ပင်လယ်ဒေသများ၊ မြေပြန့်ဒေသများ၊ တောင်ပေါ်ဒေသများ၊ ရေခဲတောင်ဒေသများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော် နေထိုင်လျက်ရှိရာ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးသားမှုဓလေ့စရိုက်များနှင့် သဘာဝရှုခင်းများကို နိုင်ငံတကာက သိရှိနိုင်အောင် မိမိတတ်ကျွမ်းသော ပညာဖြင့် ဖော်ထုတ်ပြသခြင်းဖြစ်ကြောင်း၊ ယခုသွားရောက်မည့် မြိတ်ကျွန်းစုသည် ကျွန်းပေါင်း ၈၀၀ ကျော်ရှိပြီး အလွန်စိတ်ဝင်စားစရာကောင်းသော သဘာဝအနေအထားများရှိကြောင်း၊ လန်ပိကျွန်းဧရိယာတွင် ရှားပါးငှက်များနှင့် တောရိုင်းတိရစ္ဆာန်များရှိကြောင်း၊ ရေအောက်နှစ်မီတာလောက်ထိ မြင်နိုင်သော ကမ်းခြေများရှိကြောင်း၊ အလွန်လှပသည့် သဲသောင်များလည်း ရှိကြောင်း၊ ဤကဲ့သို့ သဘာဝများရှိသည့်နေရာ ဒေသသို့ ဝါသနာတူချင်း စုပေါင်းပြီး ယခုအစီအစဉ်ကို ဖြစ်မြောက်အောင် လုပ်ဆောင်ရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောပြသည်။

မြန်မာနိုင်ငံသည် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် နေရာဒေသပေါင်းများစွာကို သဘာဝက ဖန်တီးပေးထားလျက်ရှိရာ ယခုကဲ့သို့ ခရီးသွားအစီအစဉ်များမှတစ်ဆင့် မြန်မာနိုင်ငံအကြောင်း နိုင်ငံတကာက ပိုမိုသိရှိကာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

စီရော်နယ်လ်ဒိုအား မရောင်းနိုင်ဟု မန်ချက်စတာ ယူနိုက်တက်ပြောကြား

မန်ချက်စတာ ဇန်နဝါရီ ၁၁

ပေါ်တူဂီ တောင်ပံဘောလုံးသမား ခရစ္စတီယာနို ရော်နယ်လ်ဒိုသည် ထူးချွန်ပြောင်မြောက်သည့် ဘောလုံးသမားဖြစ်ပြီး ၎င်းကိုမည်သည့် ဈေးနှုန်းနှင့်မျှ ရောင်းချမည်မဟုတ်ကြောင်း မန်ချက်စတာယူနိုက်တက်အသင်းက ယနေ့ ပြောကြားသည်။

စီရော်နယ်လ်ဒိုသည် လက်ရှိဘောလုံးရာသီတွင် ၁၉ ဂိုးအထိ ထူးထူးခြားခြား သွင်းယူခဲ့သည်။ ၎င်းသည် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်း ချန်ပီယံဆုဖလား ရရှိရေးအတွက် ပံ့ပိုးပေးနိုင်ခဲ့သူဖြစ်သည်။

ပေါ်တူဂီလက်ရွေးစင် ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ စီရော်နယ်လ်ဒိုသည် မျက်မှောက်ကာလတွင် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးအဖြစ် ရှုမြင်ခံရသည်။ အသက် ၂၂ နှစ်ရှိ စီရော်နယ်လ်ဒိုအား ဝယ်ယူနိုင်ရန် စပိန်ရီးယဲလ်မဒရစ်အသင်းနှင့် ဘာစီလိုနာ အသင်းတို့က ကြိုးပမ်းလျက်ရှိသည်။

အင်တာနက်

ပေါ်တူဂီ တောင်ပံဘောလုံးသမား ခရစ္စတီယာနို ရော်နယ်လ်ဒို။
(ဓာတ်ပုံ-အင်တာနက်)

ကားလိုစ်တီးဗက်၏ ပွဲပယ်ပြစ်ဒဏ် ဖီဖာက လျှော့ပေါ့ပေး

လန်ဒန် ဇန်နဝါရီ ၁၁

အာဂျင်တီးနား တိုက်စစ်မှူး ကားလိုစ်တီးဗက် ကျခံရမည့်ပွဲပယ်ပြစ်ဒဏ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လျှော့ပေါ့ပေးလိုက်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြီးခဲ့သည့် နိုဝင်ဘာလက ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ ကျင်းပသော ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် ကိုလံဘီယာအသင်းမှ ရူဘင်ဒါရီယိုဘတ်စတော့အား ကန်ကျောက်မှုဖြင့် တီးဗက် အနီကတ်ပြခံခဲ့ရသည်။

တီးဗက်အား နိုင်ငံတကာပွဲ နှစ်ပွဲကစားခွင့် ပိတ်ပင်ရန် ဖီဖာက ကနဦးတွင် ဆုံးဖြတ်ခဲ့ပြီး အယူခံလွှာအရ ပွဲပယ်ပြစ်ဒဏ်ကို နှစ်ပွဲမှ တစ်ပွဲသို့ လျှော့ပေါ့ပေးခဲ့သည်။ တီးဗက်သည် မန်ချက်စတာယူနိုက်တက် အသင်းတွင် ပါဝင်ကစားလျက်ရှိသည်။

အင်တာနက်။

ဘော်လ်တန် အသင်း၏ တိုက်စစ်မှူးအဖြစ် တွေ့မြင်ခဲ့ရသည့် နီကိုလပ်စ် အနယ်ကာ။
(ဓာတ်ပုံ-အင်တာနက်)

ဘော်လ်တန်တိုက်စစ်မှူး အနယ်ကာအား ပေါင် ၁၅ သန်းဖြင့် ချယ်လ်ဆီးခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၁၁

ချယ်လ်ဆီးအသင်းသည် ဘော်လ်တန် တိုက်စစ်မှူး နီကိုလပ်စ် အနယ်ကာအား အသင်းပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း၊ အနယ်ကာသည် လေးနှစ်ခွဲ သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပြီး ဇန်နဝါရီ ၁၂ ရက်တွင် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲ၌ ချယ်လ်ဆီးအသင်းမှ ပါဝင်ကစားမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အနယ်ကာအား ခေါ်ယူနိုင်ရေးအတွက် ပေါင်ငွေ ၁၂ သန်းပေးရန် ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်းချက်ကို ဘော်လ်တန်အသင်းက ပယ်ချခဲ့ပြီးနောက် အသင်းပြောင်းရွှေ့ကြေးကို တိုးမြှင့်ပေးခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဒစ်ဒီယာ ဒရော့ဘာ၏ နေရာတွင် အနယ်ကာနှင့် အစားထိုးရန် လိုလားသည်။ ဒရော့ဘာကို အာဖရိကနိုင်ငံများ ဖလားဘောလုံးပြိုင်ပွဲ ဝင်မည့် အိုင်ဗရီကို့စ်အသင်းက ခေါ်ယူထားသည်။ ***အင်တာနက်။***

အီရန်နှင့် အမေရိကန် ရေတပ်ချင်း ထိပ်တိုက်တွေ့သည့် ဗီဒီယိုသတင်း အီရန်အာဏာပိုင်တို့ ထုတ်လွှင့်ပြသ

တီဟီရန် ဇန်နဝါရီ ၁၁

အီရန်ရေတပ်ဖွဲ့နှင့် အမေရိကန်ရေတပ်ဖွဲ့ရေယာဉ်များ ပင်လယ်ကွေ့ဒေသ ဟော်မုဇ်ရေလက်ကြားတွင် အချင်းများခဲ့သည်။ ထိုလုပ်ရပ်သည် ထိပါးသော လုပ်ရပ်ဖြစ်သည်ဟု အမေရိကန်သမ္မတဘုရှ်က ပြောကြားခဲ့သည့်အပြင် အခင်းဖြစ်ပွားမှု အခြေအနေကို အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်မှ ဗီဒီယိုမှတ်တမ်း ထုတ်လွှင့်ပြသခဲ့သည်။ အီရန်ရေတပ်က ခြိမ်းခြောက်နေသည်ဆိုသောအချက်ကို ချေဖျက်သည့် ရုပ်ပုံများပါရှိသော အီရန်တို့ဘက်မှ ရိုက်ကူးထားသည့် ရေတပ်ချင်း တွေ့ဆုံသည့်သတင်းမှတ်တမ်းခွေကိုလည်း အီရန်သတင်းဌာနက ဇန်နဝါရီ ၁၀ရက်တွင် ထုတ်လွှင့်ပြသသွားသည်။

ရေတပ်ချင်း ရင်ဆိုင်တွေ့သည့် အဖြစ်အပျက်သည် ဇန်နဝါရီ ၆ ရက်က ဖြစ်ပွားခြင်းဖြစ်သည်။ ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ နှစ်ဖက်သတင်းဌာနများက ထုတ်လွှင့်သော ဗီဒီယိုမှတ်တမ်းများသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲလွဲနေသည်ဟု ဆိုသည်။

အမေရိကန်နှင့် အီရန် နှစ်နိုင်ငံတို့သည် နျူကလီးယားကိစ္စ၊ အီရတ်တွင် ဖြစ်ပေါ်နေသော တိုက်ခိုက်မှုကိစ္စများနှင့်ပတ်သက်၍ ပြဿနာများဖြစ်လျက်ရှိသည်။ ယခု အသစ်ထပ်မံထွက်ပေါ်လာသော ရေတပ်ချင်း ရင်ဆိုင်မှုကိစ္စသည် နှစ်နိုင်ငံ ဆက်ဆံမှုကို ပို၍တင်းမာလာစေသော ပြဿနာပင်ဖြစ်သည်ဟု ရှုမြင်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်ရုပ်မြင်သံကြားသတင်းမှ ထုတ်လွှင့်သွားသော အမေရိကန်ရေတပ်သင်္ဘောသုံးစင်းနှင့် အီရန်ရေတပ်သင်္ဘောငယ်တို့ ရင်ဆိုင်တွေ့နေပုံ ဗီဒီယိုသတင်းဓာတ်ပုံကို တွေ့ရစဉ်။

ကြေးမုံ The Mirror

နိုင်ငံတကာရေးရာ နောက်ဆုံး သတင်းများ

ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ်ယှဉ်ပြိုင်သူ ရစ်ချက်ဆင် အခြေခံအဆင့် ရွေးကောက်ပွဲမှ နုတ်ထွက်မည်

ဝါရှင်တန် ဇန်နဝါရီ ၁၁

နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူး ဘီလ်ရစ်ချက်ဆင်သည် ဒီမိုကရက်တစ်ပါတီတွင်း အခြေခံအဆင့်၌ သမ္မတလောင်းရွေးချယ်ရာတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။ သို့သော် ရလဒ်များမှာ အလားအလာမကောင်းလှသည့်အတွက် အခြေခံအဆင့် သမ္မတလောင်း ယှဉ်ပြိုင်နေရာမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၉ရက်၌ ထွက်ပေါ်လာသည့် မီဒီယာ သတင်းများက ဖော်ပြသည်။

အစဉ်အလိုက်အသာရနေ

၎င်းသည် အမေရိကန်ရှိ စပိန်နွယ်ဖွားများအနက်မှ ပထမဆုံးသမ္မတဖြစ်လာနိုင်သူအဖြစ် မူလကတစ်ပြေးနေခဲ့သည်။ ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း အမည်စာရင်း တင်ထားသူများသည် နယူးဟမ်ရှိုင်းယားဒေသ အခြေခံအဆင့်တွင် ထောက်ခံမဲ ရရှိရေးအတွက် ဇန်နဝါရီ ၈ရက်၌ ယှဉ်ပြိုင်ခဲ့ကြရာတွင် ရစ်ချက်ဆင်သည် ထောက်ခံမဲ ၅ရာခိုင်နှုန်းကို သာရရှိခဲ့သည်။ ဆီးနိတ်အမတ် ဟီလာရီကလင်တန်၊ ဘာရက်အိုဘားမားနှင့် ဂျွန်အက်ဒဝတ်ပ်တို့သည် မဲအရေအတွက်တွင် အစဉ်လိုက် အသာရရှိနေသူများဖြစ်သည်။

ယှဉ်ပြိုင်ရမည်

ဖော်ပြပါ သမ္မတလောင်း ယှဉ်ပြိုင်သူများသည် အခြေခံအဆင့်တွင် မဲအသာရရှိပါက နိုဝင်ဘာလတွင် ကျင်းပမည့်အမေရိကန်နိုင်ငံ၏သမ္မတရွေးချယ်ပွဲတွင် ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။***အမ်အင်အေ၊ရိုက်တာ။***

ဒီမိုကရက်တစ်ပါတီ၏ အခြေခံအဆင့် သမ္မတလောင်း ရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင် နေရာမှ နုတ်ထွက်တော့မည့် နယူးမက္ကဆီကို ပြည်နယ် အုပ်ချုပ်ရေးမှူး ဘီလ်ရစ်ချက်ဆင်ကို တွေ့ရစဉ်။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား သတင်းများ

မိုင် ၃၉၀၀ ကိုလှော်ခတ်သူ

ပြင်သစ်နိုင်ငံမှ အမ်မမ်နျူရယ်ဆိုသူ**(ဝဲပုံ)**သည် ၂၀၀၄ခုနှစ် ဇူလိုင် ၉ရက်တွင် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်ကော့ဒ်အငူမှ လှေငယ်တစ်စင်းဖြင့် တစ်ဦးတည်း လှော်တက်ကိုအသုံးပြုပြီး အတ္တလန္တိတ်သမုဒ္ဒရာကို အနောက်မှ အရှေ့သို့ ၆၂ရက် ၁၉နာရီနှင့် ၄၈မိနစ်ကြာ လှော်ခတ်ဖြတ်သန်းခဲ့ရာ စက်တင်ဘာ ၁၀ရက်တွင် ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ ၎င်းလှော်ခတ်ခဲ့သောခရီးတာမှာ မိုင် ၃၉၀၀)ရှိရာ အတ္တလန္တိတ်သမုဒ္ဒရာကို တစ်ဦးတည်း အမြန်ဆုံး လှော်ခတ်သူအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

ဓားပစ်ချန်ပီယံ

ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် ၂၀၀၆ခုနှစ် စက်တင်ဘာ ၉ရက်က ဂျာမနီနိုင်ငံသား ပက်ထရစ်ဘရမ်ဘက်ချ်**(ယာပုံ)**သည် သစ်သားဘုတ်ရှေ့၌ ရပ်နေသူ အမျိုးသမီး၏ ခန္ဓာကိုယ် ပတ်ပတ်လည်သို့ တစ်မိနစ်အတွင်း ဓားစင်းရေ ၉၆ လက်ပစ်ပေါက်ကာ တစ်မိနစ်အတွင်း ဓားစင်းရေ အများဆုံးပစ်နိုင်သူအဖြစ် ကမ္ဘာ့မှတ်တမ်း၌ စံချိန်တင်ခဲ့သည်။

လက်ဘနွန်တပ်ဖွဲ့ကို လက်တုံ့ပြန်တိုက်ခိုက်မည် ဖာတာအုပ်စုခေါင်းဆောင်က အမိန့်ပေးထားဟုဆို

ဘေရွတ် ဇန်နဝါရီ ၁၁

ဖာတာအစ္စလာမ်အုပ်စု၏ ကလာပ်စည်းအဖွဲ့ကို လက်ဘနွန်စစ်ဘက်က ချေမှုန်းခဲ့သည့် ဖြစ်ရပ်အပေါ် လက်တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်စစ်ဘက် တပ်ဖွဲ့ဝင်များကို ရှာဖွေတိုက်ခိုက်ရန် ယင်းအုပ်စု၏ ခေါင်းဆောင်ဖြစ်သူ ရှိတ်ကာအယ်လ်-အက်ဆီက အမိန့်ပေးထားကြောင်း သည်ဒေးလီးစတားသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားသည်။

တိပ်ခွေ

လက်ဘနွန်စစ်တပ် တပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး မိုက်ကယ်ဆူလေမန်က နာအယ်လ်ဘာရက် ပါလက်စတိုင်း ဒုက္ခသည်စခန်းကို ဖျက်ဆီးခဲ့သည်ဟု ပြောကြားထားသည့် တိပ်ခွေကို အယ်လ်ခိုင်ဒါတို့ အသုံးပြုလေ့ရှိသော ဝက်ဘ်ဆိုက်တွင် ပြသထားသည်ဟု သတင်းစာက ရေးသားသည်။

အဆိုးရွားဆုံးသောတိုက်ခိုက်မှု

လက်ဘနွန်တပ်ဖွဲ့က နာအယ်လ်-ဘာရက်ဒုက္ခသည်စခန်းတွင် စစ်သွေးကြွများနှင့် သုံးလကြာတိုက်ခိုက်မှုဖြစ်ပွားပြီး နောက် ဖော်ပြပါကြေညာချက် ပေါ်ထွက်လာ ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ ၅၀၀ကျော်သေဆုံးခဲ့ပြီး ပြည်တွင်းစစ်အပြီး အဆိုးရွားဆုံးသော သွေးမြေကျ တိုက်ခိုက်မှုဖြစ်သည်။

ဆက်လက်ရေးသား

ဖော်ပြပါတိပ်ခွေသည် စစ်မှန်ခဲ့ပါက ပါလက်စတိုင်း ဖာတာအုပ်စုခေါင်းဆောင် အက်ဆီသည် တိုက်ပွဲတွင်သေဆုံးခဲ့ခြင်းမရှိဟု သတင်းစာက ဆက်လက်ရေးသားသည်။

အင်အေဘီ၊ရိုက်တာ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ မံဆောင်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၁၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး"(အပိုင်း-၃)
၁:၁၅ ၆။ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်(အပိုင်း-၁)
၁:၃၀ ၇။ **"ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ" (ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ သဇင်၊ ပုလဲဝင်း၊ ဖူးစုံ) (ဒါရိုက်တာ-မြင့်စိုး ဝ/သ ရန်ကုန်)**
၁:၅၀ ၈။ တိုင်းရင်းသားတို့ဆုံစည်းနေ စွမ်းရည်ဖွံ့ဖြိုးရေးကောလိပ်မြေ
၂:၀၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၂၅ ၁၀။ **"ရေမြင့်- - -ကြာတင့်" (ခန့်စည်သူ၊ ရော၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဌမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၂:၃၅ ၁၁။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၅၀ ၅။ မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
၅:၀၅ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၆:၅၅ ၁၁။ တောင်သူအများစိုက်အားထား ငွေချည်(၆)၏ အပြိုးမျက်နှာများ (ကျောက်ဆည်၊ စဉ့်ကိုင်)
၇:၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်"(အပိုင်း-၃)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း-၁၁)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

နေပြည်တော် ပျဉ်းမနားဘူတာရုံအနီး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၁၁

နေပြည်တော် ပျဉ်းမနားဘူတာအနီး ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ အများသုံးအိမ်သာအတွင်း၌ ယနေ့နံနက် ၄နာရီခွဲတွင် ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် ပဲခူးတိုင်း ထန်းတပင်မြို့နယ် လေးသစ်ကျေးရွာနေ နော်ဂေးလာ(၄၀)နှစ်(ဘ) ဦးစောရွှေလေး၏ ဝဲ/ယာ ခြေကျင်းဝတ်များနှင့် ဝမ်းဗိုက်၊ လက်တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး နေပြည်တော် ပျဉ်းမနားခုတင်(၁၀၀)ဆေးရုံသို့ပို့ဆောင်ကုသစဉ် နံနက် ၅နာရီ ၅မိနစ်ခန့်တွင် သေဆုံးသွားကြောင်း သိရှိရသည်။

စုံစမ်းဖော်ထုတ်လျက်ရှိ

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ တာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဗုံးပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

သတင်းများရရှိထား

အကြမ်းဖက်အဖျက်သမားများသည် ပြည်တွင်း၌ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ လုပ်ဆောင်ရန် နယ်စပ်မှတစ်ဆင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများအား ဖောက်ခွဲရေး ပစ္စည်းများနှင့်အတူ စေလွှတ်လျက်ရှိကြောင်း သတင်းများရရှိထားသည်။ သို့ဖြစ်၍ အဆိုပါ အကြမ်းဖက် ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးရမိရေး ကြိုးပမ်းလျက်ရှိသည်။

အကြမ်းဖက်ဖောက်ခွဲမှုများမပြုလုပ်နိုင်ရေးအတွက် အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်အဖျက်သမားများကိုအထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ် တွေ့ရှိပါက တာဝန်ရှိသူများထံသို့ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှုခင်းသတင်းများ

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု၍ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ရက် မွန်းလွဲ ၁နာရီတွင် ကျောက်ကြီးမြို့နယ် တောင်စုတန်းရပ်ကွက်နေ ဦးထွန်းကြည်၏သား မောင်အုန်းထွန်းသည် သက်ငယ်ရိတ်ရန် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများထောင်ထားသော မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲ၍ မောင်အုန်းထွန်း၏ ညာဘက် ခြေထောက် ဒူးအောက်မှပြတ်ကာ ဘယ်ဘက်လက်သန်းပြတ်ပြီး ဘယ်ဘက်ပေါင်နှင့် ဘယ်ဘက်မျက်နှာတို့တွင် မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် မောင်အုန်းထွန်းအား တာဝန်ရှိသူများက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သောဆေးဝါးကုသမှုများနှင့် ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

WY စာတန်းပါ

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ငွေများဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၁

ပန်းဘဲတန်းမြို့နယ် (၈)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်အနီးတွင် ဇန်နဝါရီ ၉ရက် ည ၈နာရီခန့်က သတင်းအရ မူးယစ်အထူးအဖွဲ့မှ စောင့်ကြည့်နေစဉ် ဇော်မင်းထွန်း (၂၇)နှစ် (ညောင်ပင်ရပ်၊ ဗန်းမော်မြို့နယ်)ကို တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ ခေါ်ဆောင်ကာ ၎င်းတည်းခိုနေသည့် မြကန်သာတည်းခိုခန်း အခန်း အမှတ်(၂၇)အတွင်း စစ်ဆေးရှာဖွေခဲ့ရာ ပုလင်းငယ်ဖြင့် ထည့်ထားသောဘိန်းဖြူအမှုန့် ၈ဒသမ ၀၂ ဂရမ်ခန့်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၈၂ ပြားနှင့် မူးယစ်ဆေးဝါးရောင်းချရငွေကျပ် တစ်သိန်းခန့်တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းဘဲတန်းရဲစခန်းက ဇော်မင်းထွန်းအပေါ် မူးယစ်(ပ) သတင်းချက် အမှတ် ၁/၂၀၀၈၊မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ်တွင် မြို့ပတ်ရထားတိုက်၍ လူတစ်ဦးသေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၁

အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် အင်းစိန်ဘူတာနှင့် အင်းစိန်ခုံးတံတားအကြားရှိ မိုင်တိုင်အမှတ်(၂/၉)တွင် ယမန်နေ့နံနက် ၇နာရီခန့်က အမည်မသိ အမျိုးသားတစ်ဦး ရထားတိုက်မိ၍ သေဆုံးခဲ့သည်။ ဖြစ်စဉ်မှာ အင်းစိန်ဘူတာမှ မင်္ဂလာဒုံဘူတာဘက်သို့ မောင်းနှင်လာသည့် ကန်စွန်းအမည်ရှိ မြို့ပတ်ရထားသည် အင်းစိန်ဘူတာမှ ထွက်ခွာလာစဉ် အဆိုပါနေရာသို့ အရောက် လမ်းဖြတ်ကူးသူ အမည်စိစစ်ဆဲ အသက်(၄၀)နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား တိုက်မိခဲ့ရာ လည်ပင်း၊ ဝဲလက်၊ ဝဲဘက်ရင်ဘတ်တို့တွင် ပြတ်ရှဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အင်းစိန်ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၃/၂၀၀၈ ရေးဖွင့် စုံစမ်းလျက်ရှိပြီး အလောင်းကို မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေဆိုင်ပိုင်ရှင်အား ခြိမ်းခြောက်ငွေတောင်းသူ ဖမ်းဆီး အရေးယူ

ရန်ကုန် ဇန်နဝါရီ ၁၁

တောင်ကြီးမြို့ အေးသာယာမြို့သစ် စက်မှုဇုန် ခွာညိုလမ်းနှင့် မြတ်လေးလမ်းကြားနေ စိုးသန်းမော်(၃၈)နှစ်သည် အမည်အမျိုးမျိုးကို အသုံးပြုကာ တောင်ကြီးမြို့ လမ်းမတော်ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ဖွင့်လှစ်ထားသော ဦးအောင်မိန်း(ခ) ဦးအောင်မြင့်ပိုင် “ရှုတိုင်းယဉ်”ရွှေဆိုင်သို့ ဒီဇင်ဘာ ၁၆ ရက်၊ ၂၉ရက်နှင့် ဇန်နဝါရီ ၂ရက်တို့တွင် ခြိမ်းခြောက်စာများဖြင့်လည်းကောင်း၊ ဇန်နဝါရီ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် တယ်လီဖုန်းဖြင့်လည်းကောင်း ခြိမ်းခြောက်၍ ငွေတောင်းခံမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တောင်ကြီးမြို့ အမှတ်(၁)ရဲစခန်းမှ စိုးသန်းမော်အပေါ် (ပ)သတင်းချက် အမှတ် ၁၀/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၂/၅၀၇အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုံမြို့နယ်တွင် အမျိုးသမီးငယ်တစ်ဦးအား ဆန်ထိုးပိုက်ဖြင့်ထောက်၍ ရွှေဆွဲကြိုးနှင့်ဟန်းချိန်းတို့ကို လုယူထွက်ပြေး

ရန်ကုန် ဇန်နဝါရီ ၁၁

အလုံမြို့နယ် ကရင်ခြံရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းနှင့် အလုံလမ်းဆုံတွင် ယမန်နေ့ည ၈နာရီခန့်က မသဲသိမ့်သိမ့်သူ (၂၅)နှစ်၊ ကရင်ခြံရပ်ကွက် အလုံမြို့နယ်နေသူသည် ၎င်းအလုပ်လုပ်ကိုင်သည့် ရန်ကုန်မြို့တွင်းမှ ပြန်လာစဉ် အမည်မသိ အမျိုးသားတစ်ဦးက ဆန်ထိုးပိုက်ဖြင့်ထောက်၍ ၎င်းဝတ်ဆင်ထားသည့် ခြောက်မူးသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး ကာလတန်ဖိုး ကျပ် ၂၇၀၀၀၀ ခန့်၊ ငါးမူးသားခန့်ရှိ ဟန်းချိန်းတစ်ခု ကာလတန်ဖိုး ကျပ် ၂၅၀၀၀၀ ခန့်နှင့် ငွေကျပ် ၉၀၀၀၊ စုစုပေါင်း ကျပ် ၅၂၉၀၀၀ဖိုးကို လုယူထွက်ပြေးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အလုံရဲစခန်းမှ (ပ)သတင်းချက် အမှတ် ၁၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၂ အရ အမှုဖွင့်ကာ တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာ

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

မိလ္လာကန်ပြည့်လျှံ အနံ့ဆိုးနံ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်(၂) ရပ်ကွက် စံရိပ်ငြိမ်(၆)လမ်းသွယ်ရှိ တိုက်အမှတ်(၁၃)မှ မိလ္လာကန်များမှာ ပြည့်လျှံ၍ အနံ့အသက်ဆိုးများ ထွက်ရှိနေပြီး ပတ်ဝန်းကျင်နေသူများနှင့် ကျောချင်းကပ် မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေး ထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

စည်းကမ်းနှင့်အညီ တိုက်ဆောက်စေချင်

စာတည်းခင်ဗျား–

ရန်ကုန်မြို့ (၁၆)ရပ်ကွက် လှိုင်မြို့နယ် ပါရမီလမ်းတွင် ကန်ထရိုက်တိုက် ဆောက်လုပ်လျက်ရှိရာ ညွှန်ကြားချက်နှင့်မညီညွတ်ဘဲ ဆောက်လုပ်ထားပြီး ပြတင်းပေါက်များမှ တစ်ဆင့် ဘေးအိမ်များ၏ ခေါင်မိုးပေါ်သို့ ကွန်ကရစ်၊ သစ်သားစ၊ အုတ်ခဲကျိုးနှင့် အမှိုက်သရိုက်များ ကျရောက်မှုကြောင့် အမိုးများ ပေါက်ပြဲပျက်စီးရပါသည်။ ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်အား စည်းကမ်းနှင့်အညီ ဆောက်လုပ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၁၆)ရပ်ကွက်သား

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၁ ရပ်ကွက်၊ သီဟသူလမ်းရှိ ရေမြောင်းများမှာ ရေစီးရေလာမကောင်းသဖြင့် မိုးကုန်ပြီး ဆောင်းရောက်သည့်တိုင် ရေများပြည့်လျှံနေဆဲ ဖြစ်ပါသည်။ ရေများဝပ်နေခြင်းကြောင့် ခြင်များ ပေါက်ပွားပြီး ကျန်းမာရေး ထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

လမ်းထိပ်မှအရက်ဆိုင်ဖယ်ရှားပေးသင့်

စာတည်းရှင့်–

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၀)ရပ်ကွက် မြိတ်လမ်းမကြီးနှင့် လှိုင်သီတာ (၃)လမ်းထိပ်တွင် အရက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိရာ နေ့စဉ်ကြော်လှော်ရာမှ ထွက်လာသောညှော်နံ့များ ရှူရှိုက်ရသဖြင့် ကျန်းမာရေး ထိခိုက်ခြင်း၊ ဆိုင်ရှေ့ရှိ လူသွားလမ်းအား ပိတ်ဆို့၍ စားပွဲများချထားသဖြင့် သွားလာရာ၌ အခက်အခဲဖြစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်၌ နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရက်ဆိုင်အား ဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

လက်ဖက်ရည်ဆိုင် ဆူညံ ပတ်ဝန်းကျင်နားမခံသာ

စာတည်းရှင့်–

ရွှေဘိုမြို့ ဘူတာ(က) ရပ်ကွက် မီးကင်းတောင်ဘက်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် နေ့စဉ်နံနက်မှ ညဉ့်နက်သည်အထိ ရုပ်မြင်သံကြား၊ ပြစကက်နှစ်လုံး၊ ဒီဗီဒီစက်နှစ်လုံး၊ စလောင်းတို့ဖြင့် ဆူညံစွာ ဖွင့်လှစ်ပြသနေပါသဖြင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လက်ဖက်ရည်ဆိုင်မှ ဆူညံသံများကင်းရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

အသံချဲ့စက်ဖွင့်သံ တစ်လမ်းလုံးဆူညံ

စာတည်းခင်ဗျား–

ဧရာဝတီတိုင်း မအူပင်မြို့ရှိ ရေလဲလမ်း (ပေ ၅၀ လမ်းမကြီး) ပေါ်တွင် ဟွန်းရှည်ကို အသုံးပြုသော အသံချဲ့စက်များဖွင့်လျက်ရှိရာ ပြင်းထန်စူးရှသော ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အသံချဲ့စက်များအား သတ်မှတ်စည်းကမ်းနှင့်အညီ အသုံးပြုစေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မအူပင်သား

သောက်သုံးရေကန်အနီးမှ အိမ်သာဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရှမ်းတဲကြီးအထက်ကျေးရွာ သောက်သုံးရေကန် ကန်ပေါင်ဘေး အနီးတွင် အိမ်သာတစ်လုံး ဆောက်လုပ်အသုံးပြုလျက်ရှိရာ ကျန်းမာရေး ထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ သောက်သုံးရေကန်အနီးမှ အိမ်သာအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသားတစ်ဦး

ပတ်ဝန်းကျင်သန့်ရှင်းရေး ကြပ်မတ်ပေးစေချင်

စာတည်းရှင့်–

ရန်ကုန်မြို့ သာကေတမြို့နယ် ၁၀ တောင်ရပ်ကွက် သလ္လာဝတီ ၆ လမ်းရှိ နေအိမ်အများစုတွင် ယင်လုံအိမ်သာများ မရှိသောကြောင့် အနံ့ဆိုးများ ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ အိမ်တိုင်း ယင်လုံအိမ်သာဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သလ္လာဝတီလမ်းသူ

ပဲလှော်ဖိုညှော်နံ့ ရှင်းလင်းဆောင်ရွက်ပြီးစီး

၂၉-၁၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တိုက်ကြီးမြို့နယ် ရှမ်းဘက်ဘူတာလမ်းမှ **ပဲလှော်ဖိုညှော်နံ့ပတ်ဝန်းကျင်ပျံ့နှံ့** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးကျော်နိုင်(ဟော်ကီ)လူမှုထူးချွန်(တတိယဆင့်)

(၂/၂၀၀၈)

(၁၀)နှစ်တာ ကာလအတွင်း အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြက်ခင်းတု ဟော်ကီအားကစားကွင်းသစ်ပေါ်ထွန်းလာသည်အထိ အပတ်တကုတ် ကြိုးစားအောင်မြင်မှုများအတွက် မိသားစုနှင့်အတူ အထူးဝမ်းမြောက်ကြောင်းနှင့် ဆက်လက်၍ နိုင်ငံအကျိုးသယ်ပိုးနိုင်ရန် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

အကယ်ဒမီဒေါ်ဆွေဇင်ထိုက်
(ရုပ်ရှင်သရုပ်ဆောင်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

တိုက်ကြီးမြို့နယ်အသင်း (ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယက **ဦးမြသိန်း** သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၄–၁–၂၀၀၈) နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈) အရ **လူမှုထူးချွန် (ပထမဆင့်)** ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

တိုက်ကြီးမြို့နယ်အသင်း

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈) ဖြင့် **ဦးအာဝါး(ခ)ဦးထွန်းဝင်း (စံပြရွှေငါးကုမ္ပဏီလီမိတက်)**အား **“သုဓမ္မမဏိဇောတဓရ”** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ချစ်သူငယ်ချင်း ဦးအောင်သိန်း–ဒေါ်သန်းသန်းအေး(ခ)မစိုးစိုး

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် **ဒေါ်စိန်ထွေး (မိုးကုတ်၊ ခိုင်သစ္စာကျောက်မျက်ကုမ္ပဏီ)** အား **သုဓမ္မသီရိ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဒေါ်စန်းစန်းအေး(မမွေး)
ဦးမြင့်သန်း–Dr. တင်တင်လတ်

လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် သူငယ်ချင်း **ဦးအာဝါး(ခ)ဦးထွန်းဝင်း(စံပြရွှေငါး)** အား **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ချီးမြှင့်ခံရကြောင်း ကြားသိရသဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးမြင့်စိန် — **မိုးမိုး**
ဦးကိုကိုအောင် — **မဖြူ**
ဦးခင်မောင်ကျော် — **နီလာ**
ဦးသိန်းဌေး — **စီစီ**
ဦးနေခြည်ဝင်း
မောင်မောင်မျိုးကြည်

မြန်မာစာမှသူငယ်ချင်းများ

ဘွဲ့ရ (MBA)များ တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ဘွဲ့ရ (MBA)များ၏ တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီတွင် Dusit Inya Lake Resort ၌ ကျင်းပမည်ဖြစ်ရာ (MBA) သင်တန်းသားများ၊ (MBA) ဘွဲ့ရများနှင့် (MBA) Program မှ ဆရာ၊ ဆရာမများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဈေးရောင်းပွဲများ စီစဉ်ထားသဖြင့် လာရောက် ရောင်းချပေးကြမည့် ပြင်ပကုမ္ပဏီများ၊ မိတ်ဆုံစားပွဲလက်မှတ် ရယူလိုသူများသည် ဦးမြင့်မောင်ထွန်း ဖုန်း–၀၉၈၀၃၁၈၈၀၊ ဦးဝင်းထွဋ်အောင် ဖုန်း–၂၄၃၃၂၁၊ ၃၈၈၈၀၄၊ ဦးမြင့်ဆန်း ဖုန်း–၀၉၅၁၅၅၄၅၀၊ ဦးမိုးလွင် ဖုန်း ၀၉ ၅၀၀၆၆၇၁၊ ဦးရေချမ်း ဖုန်း–၀၉၅၁၅၁၅၀၀၊ ဦးဇော်နိုင် ဖုန်း–၀၉ ၅၀၁၀၀၃၇၊ ဦးမင်းဦး ဖုန်း–၀၉ ၅၀၀၇၁၆၆၊ ဦးအောင်ညွန့်သောင်း ဖုန်း–၀၉ ၉၉၂၄၄၃၉၊ ဦးအေးချစ် ဖုန်း–၀၉ ၅၁၃၇၃၀၀ တို့သို့ စုံစမ်းနိုင်ကြောင်းနှင့် ဇန်နဝါရီ ၁၃ ရက် နံနက် ၆ နာရီတွင်လည်း နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကို (ဇ–မိုင် ဂေါက်ကွင်း) တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲသို့ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ပါဝင် ယှဉ်ပြိုင်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းကြပါရန် နှိုးဆော်ထားသည်။

(က–ပ)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် **“သုဓမ္မမဏိဇောတဓရ”** ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသော **ခန့်စည်သူ (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)** အား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အနုပညာလုပ်ငန်းများကို တိုးတက်အောင်မြင်၍ (၇)ရက်သားသမီး ပရိသတ်များကိုယ်စား နိုင်ငံအကျိုး၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ဂေါပကအဖွဲ့

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈) ဖြင့် **“သုဓမ္မမဏိဇောတဓရ”** ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသော **ခန့်စည်သူ (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)** အား ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် အနုပညာလုပ်ငန်းများကို တိုးတက်အောင်မြင်၍ (၇)ရက်သားသမီး ပရိသတ်များကိုယ်စား နိုင်ငံအကျိုး၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒေါက်တာစိုင်းဆမ်ထွန်း – ဒေါ်ဂျူလီ
အကယ်ဒမီလွင်မိုး – မမေသူ
ကိုအောင်မင်းထွန်း – အကယ်ဒမီထွန်းအိန္ဒြာဗို
ကိုခန့်နိုင် – ခိုင်သင်းကြည်

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈)ဖြင့် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် ကျိုက်လတ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန **မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင် (ပ/၄၀၄၉)** အား **စီမံထူးချွန် (တတိယဆင့်)** ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျိုက်လတ်မြို့နယ် **မြို့မိမြို့ဖများ**
ကျိုက်လတ်မြို့နယ် **ဌာနဆိုင်ရာများ**
ကျိုက်လတ်မြို့နယ် **မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**
ကျိုက်လတ်မြို့နယ် **အမျိုးသမီးရေးရာအဖွဲ့**
ကျိုက်လတ်မြို့နယ် **အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်း**
ကျိုက်လတ်မြို့နယ် **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
ဝန်ထမ်းမိသားစုများ

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈) ဖြင့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ပန်းကန်နှင့် ကြွေပြားစက်ရုံ (သာယာ ဝတီ) စက်ရုံမှူး ဦးထင်ကျော်** အား **စီမံထူးချွန် (ဒုတိယဆင့်)** ချီးမြှင့်သည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် စက်ရုံအကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အရာထမ်းအမှုထမ်းများနှင့်
စက်ရုံဝန်ထမ်းမိသားစု

အရှင်စန္ဒသာရ(ကျောင်းကုန်း) တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၁

ရေဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်မှ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ အရှင်စန္ဒသာရ (ကျောင်းကုန်း) အရှင်မြတ်သည် ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တွင် ညောင်တုန်းမြို့ ရေလဲကမ်းနား၊ ၂၀ ရက်မှ ၂၂ ရက်အထိ ဘိုကလေးမြို့ ရုပ်ဆိုင်၊ ၂၃ ရက်နှင့် ၂၄ ရက်တွင် မုံရွာမြို့ ညောင်ပင်စောက်၊ ၂၆ ရက်မှ ၂၈ ရက်အထိ ကျုံပျော်မြို့ ရွာသစ်၊ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ကျောင်းကုန်းမြို့ အိုးဘို၊ ၆ ရက်မှ ၁၃ ရက်အထိ ကညွတ်ကွင်း တောင်ဂုံးတဲ၊ ၁၄ ရက်၌ ထန်းတပင်အစုကြီး ဓမ္မသဘင်တို့၌ ပဋ္ဌာနသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း–၀၄၆ – ၄၀၄၉၈ နှင့် ၀၉ ၅၁၄၇၄၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကဦးဆောင်သော ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့မှ စီစဉ်ကြီးမှူးကျင်းပမည့် ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရစာမေးပွဲကို သထုံမြို့၌ ၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂) ရက် (၂၄–၁–၂၀၀၈) ကြာသာပတေးနေ့မှစတင်၍ ၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄) ရက် (၂၆–၁–၂၀၀၈) စနေနေ့အထိ (၃)ရက်တိုင်တိုင် ကျင်းပပါမည်။

စာအောင်ဆုနှင်းသဘင်ကို ၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆) ရက် (၂၈–၁–၂၀၀၈) တနင်္လာနေ့တွင် ဆင်ယင်ကျင်းပသွားပါမည်။ စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်ထားသော ရဟန်း၊ သာမဏေ၊ သီလရှင်များ ၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက် (၂၃–၁–၂၀၀၈) ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီမှစ၍ ဖြေဆိုခွင့်ကဒ်ပြားများကို စာမေးပွဲကျင်းပရာ သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်းမြောက်ရုံ၌ ထုတ်ယူနိုင်ပါကြောင်းနှင့် စာမေးပွဲဖြေဆိုမည့်ပုဂ္ဂိုလ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

စာမေးပွဲဖြစ်မြောက်ရေးအဖွဲ့

အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင် **ဒေါက်တာနီလာသိန်း (မျက်စိ အထူးကုဆရာဝန်ကြီး)** အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် သာသနာတော်ဆိုင်ရာ **သုဓမ္မသီင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်)မှ အထူးပင် ဂုဏ်ယူမိပါသည်။ ဆက်လက်ပြီး နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံလွတ်လပ်ရေးနေ့ အခါသမယတွင် သားနှင့်သမီးတို့ အချစ်ရဆုံးသော **ဘွားဘွားကြီး သီရိသုဓမ္မသီင်္ဂီ ဒေါ်ဒေါ်ကျင်** အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ** ဘွဲ့တံဆိပ်ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်မိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးနှင့် ဝေနေယျအကျိုးများစွာတို့ကို ဒီသား၊ ဒီသမီး၊ ဒီမြေးချစ်များနှင့်အတူ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ချစ်မြေးများ – **မသင်းသီရိထွန်း** – B.Econ (Stat,) (Hons;)
ဗိုလ်ကြီးဝေယံမင်းထွန်း – B.C. Sc (DSA), M.C.Sc (Thesis) (UCSY)
မောင်ဝေဟင်မင်းထွန်း – B.A (English), AEC Business School, Singapore

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံရက် ပြောင်းလဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၈နာရီသို့ ရက်ပြောင်းလဲကျင်းပမည်ဖြစ်၍ ဖိတ်ကြားထားသူများ၊ ညီလာခံကိုယ်စားလှယ်များ၊ အသင်းဝင်များသည် နံနက် ၇ နာရီခွဲအရောက် နေရာယူပြီးဖြစ်ရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈)ဖြင့် ၂၀၀၈ခုနှစ်၊ နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့တွင်-

- ဦးရွှေထွန်း 'အောင်ခေတ်မှီ'ဆန်စက်(မြောင်းမြ) လူမှုထူးချွန်တတိယဆင့်
- ဦးဇော်မျိုးကြည် 'မြသီတာ'ဆန်စက်(မြောင်းမြ) စက်မှုစီးပွားထူးချွန်တတိယဆင့်
- ဦးမောင်မောင်ဝင်း 'ဝင်း'မိသားစုဆန်စက်(မြောင်းမြ) စက်မှုစီးပွားထူးချွန်တတိယဆင့်
- ဦးကိုကိုနိုင် 'မနောသုခ'ဆန်စက်(မြောင်းမြ) စက်မှုစီးပွားထူးချွန်တတိယဆင့်

တို့အား ချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူ ဝမ်းမြောက်အပ်ပါသည်။

ဦးအောင်မြင့်ဝင်း(မန္တလေး)၊ ဦးကျော်ဦး(ဇီးကုန်း)
ဦးထွန်းထွန်း(နတ္တလင်း)၊ ဦးဝင်းငွေ၊ ဦးဝင်းစိန်

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈) ဖြင့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် **ဒုတိယ ဥက္ကဋ္ဌ – ဦးမြသိန်း** ကို "**လူမှုထူးချွန်ပထမဆင့်**" ချီးမြှင့်သည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးစောဝင်း + ဒေါ်အေးမြင့်

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈) ဖြင့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် **ဒုတိယ ဥက္ကဋ္ဌ – ဦးမြသိန်း** ကို "**လူမှုထူးချွန်ပထမဆင့်**" ချီးမြှင့်သည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သော တူ / တူမများ – ဦးဇာနည်ထွန်း + ဒေါ်စမ်းစမ်းဝင်း မိသားစု
ဦးဟံသာထွန်း + ဒေါ်သင်းသင်း မိသားစု
Dr. မြတ်မော်ထွန်း + ဒေါ်ခင်ပြုံးသစ် (ခေတ္တစင်ကာပူ) မိသားစု

အမြန်ရောင်းမည်

၁။ ပုပ္ပါးမြို့သစ်၊ ၁ ဧက နှစ် ၃၀ ဂရမ်၊ လမ်းမကြီး ဘေး။
၂။ ရွှေပေါက်ကံမြို့သစ် ၄၀' × ၆၀' နှစ် ၆၀ ဂရမ် တစ်ထပ်တိုက် ခြံစည်းရိုးကာ၊ မြေဖို့ရေ မီးပါ။
၃။ ရွှေပေါက်ကံမြို့ထိပ်စက်မှုမြေ ၄ ဧက အုတ်တံတိုင်းကာမြေဖို့ ရေ မီး၊ ဖုန်း ပါ ၅၀၀KVA ထရန်စဖော်မာ၊ ဂိုဒေါင် ပါ။
၄။ မြေနီကုန်း၊ ယုဇနရှော့ပင်းစင်တာ အပေါ်ထပ် ၄လွှာ ၁၅'×၆၀' အိပ်ခန်း ၂ ခန်းပါ ရေ မီး ပါ။
၅။ ဆက်သွယ်ရန် ၅၇၉၁၉၁၊ ၃၇၂၆၆၀၊ ၀၉၅၀၀၀၃၀၅ ၊ ၀၉၅၁၇၉၃၆၀။

တီဗွီ - 1
ကားမောင်းစက်ပြင်သင်တန်း
မ/ဒဂုံယာဉ်မောင်းသင်ကွင်း။U-9 ကွက်။ ☎: 09-5120483
သိမ်ဖြူအမောင်းသင်ကွင်း။ ☎: 298787, 201188
အမှတ်(၂၁၈)၊ ကျိုက္ကဆံလမ်း။ ☎: 545155, 549764

ဘာသာစုံ သင်္ချာ/သိပ္ပံ ဂုဏ်ထူးရှင်တို့၏ သင်ကြားမှု
■ အရည်အချင်းပြည့်ဝသောဆရာများ သင်ကြားသည်
■ စည်းကမ်းတို့၍ လိမ္မာယဉ်ကျေးစေရမည်
■ ထူးချွန် ထက်မြက်စွာ အောင်မြင်စေရမည်
ကျောင်း ကြိုအပ်လက်ခံပြီ
- ကြိုအပ်မှ စိတ်ချရမည်
- မတ်လဆန်း စမည်
- ကျောင်းပြန် ကား(ferry) စီစဉ်ပေးသည်
▸ ၄၄ ၊ ဗိုလ်ရာညွန့်လမ်း(ဒဂုံ–၁ဘေး)၊ ဒဂုံမြို့နယ်၊ ဖုန်း– ၂၄၉ ၆၄၉၊ ၃၈၅ ၀၉၇
▸ ၁၇၀၊ ၃ထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း – ၃၈၅ ၀၈၇

မျက်မှန်နန်းတော်မှ မှန်လက်ဆောင်
မျက်မှန် ဝယ်ယူသည့်အခါ (Organic) မှန်တစ်စုံလက်ဆောင်ပေးမည်ဖြစ်ကြောင်း
အမှတ်-၃၄၈၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။ ☎ 09-51-81539

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မသီင်္ဂီ** ဘွဲ့တံဆိပ်တော် ထပ်ဆင့်ချီးမြှင့်ခံရသော အစ်မ **သီဟသုဓမ္မသီင်္ဂီဒေါ်သန်းသန်းစိန်** (Managing Director Mann Myanmar Family Ltd. & UKK General Trading) အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးမြင့်သန်း – **ဒေါ်သစ်သစ်**
သမီး – **ခင်မင်းသိမ့်၊ ယမင်းအိမ့်**
သား – **အုပ်စိုးပိုင်**
မန္တလေးမြို့

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၁

ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းများဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ထားသူ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ယနေ့မွန်းလွဲ ၁ နာရီမှ ၂ နာရီ ၁၀ မိနစ်အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၁၁-၁-၂၀၀၈

နမ့်စန်
(၁)ဒီဂရီစင်တီဂရိတ်

ဟားခါး
(၄)ဒီဂရီစင်တီဂရိတ်

မိုးကုတ်
(၄)ဒီဂရီစင်တီဂရိတ်

တောင်တန်းများပေါ် ဖြတ်ကျော်ခဲ့ပြီး ပင်လယ်ဆီရှက်လွှင့်မည်

သတင်းဆောင်းပါး-ဝင်းနိုင်(ကြေးမုံ)၊ ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သော "လွင်မိုးခရီးသွားနေသည်" ခရီးသွားအစီအစဉ်ကို ရုပ်မြင်သံကြားပရိသတ်များ အထူးနှစ်ခြိုက် လက်ခံခဲ့ကြသည်။ ၎င်းအစီအစဉ်မှာ ချင်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့စရိုက်များကို သဘာဝအနေအထားအတိုင်း မှတ်တမ်းတင်ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။ ယခုတစ်ဖန် ဒုတိယအကြိမ်အဖြစ် ခရီးသွားမှတ်တမ်း အစီအစဉ်တစ်ခုကို ရိုက်ကူးထုတ်လုပ်ရန်အတွက် စတင်ပြင်ဆင်နေပြီဖြစ်သည်။ ယခုသွားရောက် မှတ်တမ်းတင်ရိုက်ကူးမည့်နေရာမှာ ယခင်တောင်ပေါ်ဒေသနှင့် ရေမြေသဘာဝမတူ ကွဲပြားခြားနားသည့် မြန်မာနိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ မြိတ်ကျွန်းစုများဆီသို့ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ယနေ့ သတင်းအညွှန်း

တစ်နေ့ ဆန်အိတ် ငါးသောင်းဝန်းကျင် ရောဝတီတိုင်းမှ ဝင် စာမျက်နှာ-၃

နိုင်ငံတကာရေးရာ သတင်းများ စာမျက်နှာ-၅/၉

အင်တာနက် အားကစား သတင်းများ စာမျက်နှာ-၉

ဆောင်းပါးအညွှန်း

"မိမိနှင့် ဆက်စပ်ပတ်သက်နေသော နေရာတိုင်းကို သန့်ရှင်းအောင် ပြုလုပ်ရန်မှာ မိမိတို့ တာဝန်ပင်ဖြစ်သည်။ မိမိတို့တာဝန်ကို မိမိတို့ ပြုလုပ်ခြင်းသည် ပြုသင့်ပြုထိုက်သော၊ လုပ်သင့်လုပ်ထိုက်သော တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်၏"

ဦးကျော်စိန်(မန္တလေး)၏ **"အမှိုက်ရှင်းတာ ရှက်စရာမဟုတ်ပါ"** (ဆောင်းပါး) စာမျက်နှာ-၄

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား**